ကြေးမုံ The Mirror

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ တနင်္လာနေ့၊ (27-11-2006) (၅၁၅၄)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အုပ်ချုပ်ရေးတာဝန်သစ်များကို ပြောင်းလဲထမ်းဆောင်ကြသူများ လုပ်ငန်းတာဝန် ကျေပွန်အောင်ထမ်းဆောင်နိုင်ရမည် မိမိ၏မိခင်ဝန်ကြီးဌာနကိုသာမက ကျန်ဝန်ကြီးဌာနအသီးသီးကိုပါကိုယ်စားပြု၍ လုပ်ငန်းများအောင်မြင်အောင်ထမ်းဆောင် မိမိတို့၏လုပ်ကိုင်ဆောင်ရွက်မှုများသည် ပြည်သူများအပေါ်ဝန်ထုပ်ဝန်ပိုးမဖြစ်အောင်၊ ဝန်ပိမသွားအောင် သတိထားလုပ်ကိုင် မြို့နယ်အဆင့်က ရပ်ကွက်၊ကျေးရွာအဆင့်သို့လည်းကောင်း၊ ခရိုင်အဆင့်က မြို့နယ်အဆင့်သို့လည်းကောင်း မပြတ်ကွင်းဆင်း အောက်အဆင့်အဖွဲ့အစည်းက မှန်မှန်ကန်ကန်အရှိအတိုင်းတင်ပြတတ်အောင်၊ လုပ်တတ်ကိုင်တတ်အောင် ကူညီလမ်းပြ

နေပြည်တော် နိုဝင်ဘာ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ နိုဝင်ဘာ ၂၄ရက် နံနက် ၈ နာရီခွဲတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ပုသိမ်လေဆိပ်၌ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အနောက်တောင်တိုင်းစစ်ဌာနချုပ် မြရောအစည်းအဝေးခန်းမ၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းဝင်း၊ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်တင်၊ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၇-၁၁-၂၀၀၆
(တနင်္လာနေ့)

စက်ရုံအလိုက် လျာထားချက်များ ပြည့်မီကျော်လွန်ရေးကြိုးပမ်း

ယနေ့ကာလသည် နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ ထူထောင်ပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်လာရေး စီမံဖြည့်ဆည်းပေးခြင်းတို့ဖြင့် ကြိုးပမ်းနေချိန်ဖြစ်သည်။

တစ်ချိန်တည်းတွင် ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားရေး၊ ပြည်တွင်း၌ နည်းပညာပြန့်ပွားရေး၊ သယံဇာတအရင်းအမြစ်နှင့် ကုန်ကြမ်းများကို ထိရောက်အကျိုးရှိစွာအသုံးချပြီး တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်တင်ပို့နိုင်ရေးတို့ကို ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ၂၀၀၅-၂၀၀၆ ခုဘဏ္ဍာရေးနှစ်၌ တစ်မျိုးသားလုံး၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးတွင် ပါဝင်မှုအချိုး ၁၇ ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ၂၀၀၆-၂၀၀၇ ခုဘဏ္ဍာရေးနှစ်၌ ၁၈ ရာခိုင်နှုန်း ကျော်အထိတိုးတက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေရာတွင် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုလုပ်ငန်းများ ပါဝင်လျက်ရှိသည်ကို တွေ့ရသည်။ စက်မှုလုပ်ငန်းအလိုက်၊ စက်ရုံအလိုက် လျာထားချက်များ အောင်မြင်စေရန် ကြိုးပမ်းလျက်ရှိသကဲ့သို့ အများပြည်သူနှစ်ခြိုက်သော ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန်လည်း အလေးထားဆောင်ရွက်နေသည်။

ထို့အပြင် ပြည်ပပို့ကုန်များ ဈေးကွက်ရှာဖွေရေးနှင့် ဈေးကွက်ရရှိပြီး ကုန်ပစ္စည်းများကိုလည်း လျာထားချက်နှင့်အညီ ထုတ်လုပ်တင်ပို့သွားနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

ယင်းသို့ ပြည်တွင်း၊ ပြည်ပ ဈေးကွက်နှင့် ပြည်သူများ လိုအပ်ချက်နှင့်အညီ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရည်အသွေးမီရေး၊ အဝယ်လိုက်သောပစ္စည်း တိုးမြှင့်ထုတ်လုပ်နိုင်ရေးကိုလည်း အထူးဂရုပြုကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အားပေးဖြည့်ဆည်းပေးလျက်ရှိရာ သက်ဆိုင်ရာ စက်ရုံအလုပ်ရုံအလိုက် ဝယ်ယူသုံးစွဲသူအကြိုက် အရည်အသွေးမီ ကုန်ပစ္စည်းများ လျာထားချက် ပြည့်မီကျော်လွန်စွာ ထုတ်လုပ်လာနိုင်သည်နှင့်အမျှ ပြည်သူများ၏ လိုအပ်ချက်ကို ပိုမို ဖြည့်ဆည်းပေးသွားနိုင်မည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်အတွက် နှစ်ဖက်သော မိဘများကို အမှူးထား၍ (ဒေါ်စောခင်)အား ရည်မှန်းလျက် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ၂၇ လမ်းထောင့်နေ ဦးစိန်ထွန်းအောင် (Rakhine State Coastal Transport Agency & General Trading) အောင်သူရိန်ဆန်စက်လုပ်ငန်းနှင့် စိန်တောင်ကြီးမိတ္တူ-ကွန်ပျူတာစာစီစာရိုက်ဝန်ဆောင်မှုလုပ်ငန်း မိသားစုတို့က အလှူတော်ငွေ အမေရိကန်ဒေါ်လာ ၁၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ဝိနယ (ဝံသမေဒိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း လိုက်လံကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း လိုက်ပါလျက် နိုဝင်ဘာ ၂၅ရက် နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်တို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။



ရှေးဦးစွာ တိုင်းမှူးသည် နိုဝင်ဘာလ ၂၅ ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိလာရာ ရုံးခန်းမ၌ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က တိုင်း၊ ခရိုင်နှင့် မြို့နယ်များ၌ လအလိုက် နှစ်အလိုက် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက အခြေခံပညာကျောင်းများကိုဆေးလိပ်၊ အမှိုက်နှင့် ခြင်ကင်းစင် စင်သုံးစင်ကျောင်းများ အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ကျောင်းသား၊ကျောင်းသူများ၌ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုနှုန်း သိသိသာသာ ကျဆင်းခဲ့ပြီး မိဘများအားလည်း ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာများကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သာကေတမြို့နယ်အမှတ်(၆) အရှေ့ရပ်ကွက်၊ အမှတ်(၇)အရှေ့ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းတစ်လျှောက် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁) ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်၊ လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက်များသို့ သွားရောက်၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်း၊ အမှိုက်နှင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ ပညာပေးဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လူမှောင်ခိုကူးမှု/အကြမ်းဖက်ခံရမှုကာကွယ်ရေးနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ လူမှောင်ခိုကူးမှု/အကြမ်းဖက်ခံရမှု ကာကွယ်ရေးနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်တွင် ကနီမြို့နယ် သမင်ခြေကျေးရွာ အလယ်တန်းကျောင်း(ခွဲ)၌ကျင်းပသည်။

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်၊ အမျိုးသမီးများအား လူမှောင်ခိုကူးမှုမှ တားဆီးကာကွယ်ရေးအဖွဲ့ ခေါင်းဆောင် တိုင်းရဲတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်တင်တင်ညွန့်က အမျိုးသမီးများ လူမှောင်ခိုကူးမှု/အကြမ်းဖက်ခံရမှုမှ ကာကွယ်ရေးကိုလည်းကောင်း၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်တင်ရွှေက အမျိုးသမီးငယ်များ သိကောင်းစရာများကိုလည်းကောင်း၊ ကနီမြို့နယ် ဆရာဝန်ကြီး ဒေါက်တာသန်းလွင်က ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ကနီမြို့နယ် ဥပဒေအရာရှိ ဦးဌေးဝင်းက အမျိုးသမီးများနှင့်သက်ဆိုင်သော အခွင့်အရေးနှင့် ဥပဒေများ၊ ရပိုင်ခွင့်များကိုလည်းကောင်း အသီးသီးပညာပေးဆွေးနွေးဟောပြောကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မသန်စွမ်းသူများ စက်ချုပ်ပြိုင်ပွဲဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃ရက်နေ့တွင် ကျရောက်သော "အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့" အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် နိုဝင်ဘာ ၂၃ရက် နံနက်ပိုင်းက မသန်စွမ်းသူများ စက်ချုပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတွင်လည်းကောင်း၊ မျက်မမြင် အဆိုပြိုင်ပွဲကို ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)တွင်လည်းကောင်း ကျင်းပသည်။

အဆိုပါပြိုင်ပွဲများသို့ ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်နှင့် ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးသည်။ ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဒီဇင်ဘာ ၃ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အခမ်းအနား၌ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ၃၉(B) ရပ်ကွက် ဘိုးဝဇီရာလမ်းနေ ဦးခင်မောင်-ဒေါ်တင်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ငွေကျပ် သုံးသိန်းတစ်သောင်းငါးထောင် လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

နေပြည်တော် နိုဝင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် နိုဝင်ဘာ၂၄ရက် နံနက် ၉နာရီတွင် ကျိုင်းတုံမြို့နယ် ဝပ်ဆောင်းကျေးရွာအုပ်စု ယန်းလုံကျေးရွာ၌ ကျင်းပသည့် စပါးခွံလောင်စာသုံးဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ရာ ရှေးဦးစွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကျိုင်းတုံမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးလှကြည်က စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံဖြစ်ပေါ်လာရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်က ဓာတ်အားပေးစက်ရုံဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကိုမှာကြားသည်။

ဝပ် ၅၀၀၀ ခန့်ရှိ

အဆိုပါစပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစတင်၍ တည်ဆောက်ခဲ့ပြီး ၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၁ရက်တွင် လျှပ်စစ်ဓာတ်အားများ စတင်တင်ပေးနိုင်ခဲ့သည်။ ယခုအခါယန်းလုံကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာသုံးရွာတို့ရှိ အိမ်ထောင်စု ၅၁စုတို့တွင် လျှပ်စစ်ဓာတ်အားများသုံးစွဲနိုင်ပြီး ယခုသုံးစွဲမှုသည် ဝပ် ၅၀၀၀ခန့်ရှိကြောင်း သိရှိရသည်။

စပါးခွံလောင်စာသုံးဓာတ်အားပေးစက်ရုံတည်ဆောက်ရေးအတွက် စုစုပေါင်းကုန်ကျငွေမှာ ကျပ် ၁၆၂သိန်းဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ယန်းလုံကျေးရွာအုပ်စု၊ ဝမ်ဟကျေးရွာနေ ဦးနွဲ့ပြန်း၏အိမ်မိုးအုတ်ကျွတ်လုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ လုပ်ငန်းရှင်ဦးနွဲ့ပြန်းက အိမ်မိုးအုတ်ကြွပ် ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံမြို့နယ် ယန်းလုံကျေးရွာရှိ စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ရုံကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ မန္တလေးမြို့ ဗထူးကွင်း၌ ဒီဇင်ဘာ ၁၇ရက်တွင် စတင်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် International Beverages Trading Co.,Ltd.တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ၂၀၀၆ခုနှစ် ဒုတိယအကြိမ်ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (Grand Royal Challenge Cup 2006)ကျင်းပရေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဖိတ်ကြားထားသည့် နိုင်ငံခြားဘောလုံး အသင်းများအကြောင်း မိတ်ဆက်ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က ပြိုင်ပွဲကျင်းပရေးအတွက် စီစဉ်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး I.B.T.C ကုမ္ပဏီမှ ဈေးကွက်မန်နေဂျာ ဦးကျော်ကျော်နိုင်က ပြိုင်ပွဲနှင့် ဆက်စပ်သော ကော်မြူနီကေးရှင်း ဒီဇိုင်းများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကို မေးမြန်းရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အတွင်းရေးမှူး ဦးတင်အောင်၊ I.B.T.Cကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်နှင့် အရောင်းနှင့် ဈေးကွက်ဒါရိုက်တာ ဦးမိုးသန်းချစ်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဒေါ်လာ ၁၅၀၀၀

၂၀၀၆ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ရက်မှ ၂၃ရက်အထိ မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း၊ အင်ဒိုနီးရှားလက်ရွေးစင်အသင်း၊ မလေးရှား (ယူ-၂၃) လက်ရွေးစင်အသင်းနှင့်မြန်မာ(ယူ-၂၃)လက်ရွေးစင်အသင်းတို့ပါဝင်ယှဉ်ပြိုင် ကမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပထမဆု အမေရိကန်ဒေါ်လာ၁၅၀၀၀၊ ဒုတိယဆုအမေရိကန်ဒေါ်လာ ၇၅၀၀နှင့် ပွဲစဉ်အလိုက် အကောင်းဆုံးဆုများ ချီးမြှင့်မည်ဖြစ်သည်။ (ကြေးမုံ)

ကြေးသွန်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် နိုဝင်ဘာ ၂၆

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ စည်ကားစွာကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနီယပွဲတော်၌ အသံမစဲပဋ္ဌာန်းပူဇော်ပွဲကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၂ရက်အထိကျင်းပပြီး ဘုရားအမှူးပြုသော ပင့်သံဃာ ၁၂၉ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဒီဇင်ဘာ ၄ရက် ညနေ ၃နာရီတွင် ကျင်းပမည်ဖြစ်သည်။ဓမ္မပူဇာသဘင်အဖြစ် ဒီဇင်ဘာ ၂ ရက်တွင် ဓမ္မဂုဏ်ရောင် ဆရာတော်အရှင်တေဇိန္ဒနှင့် ၃ရက်တွင် ယောဆရာတော်ဘဒ္ဒန္တ သိရိန္ဒာဘိဝံသတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

အားကစား မြှင့်တင်
စိတ်လန်းရှင်
ဆန့်ကျင် မူးယစ်ဆေး

မျက်စိရောဂါကု ပညာအဖွဲ့ ညီလာခံဖွင့်

နိုဝင်ဘာ ၂၃ရက်က မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပသည့် မြန်မာနိုင်ငံဆရာဝန်အသင်း (၁၈)ကြိမ်မြောက် မျက်စိရောဂါကု ပညာအဖွဲ့ ညီလာခံဖွင့်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး အမှာစကားပြောကြားစဉ်။
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လွမ်းမပြေ (အပိုင်း-၂၂)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မေးမြန်းစူးစမ်း
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေမင်းသမီး (ဒုတွဲ) အပိုင်း(၂)**
၁၉။ သင့်အတွက်မနက်ဖြန်
၂၀။ အပိတ်နှုတ်ဆက်စကား
၂၁။ ပြီးပါပြီ။

ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်ရန်ရည်ရွယ် မလေးရှားတွင် ပန်းမန်ပြပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပမည်

ကွာလာလမ်ပူ နိုဝင်ဘာ ၂၅

မလေးရှားနိုင်ငံ၌ ၂၀၀၇ ခုနှစ်အတွင်း ပန်းမန်ပြပွဲတစ်ရပ်ကို အခြားပျော်ပွဲရွှင်ပွဲမျိုးစုံနှင့် တွဲဖက်လျက် ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ အဆိုပါ ပန်းမန်ပြပွဲအား ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၀၇ ခုနှစ်အတွင်း ကျင်းပမည့် မလေးရှားနိုင်ငံ၏ ပန်းမန်ပြပွဲ အဓိက ရည်ရွယ်ချက်တစ်ရပ်မှာ နိုင်ငံအတွင်းသို့လာရောက်လည်ပတ်မည့်ကမ္ဘာလှည့်ခရီးသည်များအား ပန်းမန်မျိုးစုံ ပေါများ ကြွယ်ဝမှုကို သိရှိစေရန် ရည်ရွယ်ကြောင်း မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီး အာနန်တန်ကူမန်ဆာက နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါ ပန်းမန်ပြပွဲသည် နိုင်ငံ၏ ရိုးရာအစဉ်အလာပွဲများကို အားပေးမြှင့်တင်ရန်၊ ပသာဒအလှအပများ ခံစားနိုင်စေရန်၊ ဒေသတွင်း ပန်းမန်ဝယ်လိုအား မြင့်မားလာစေရန်နှင့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် ရည်ရွယ်ကြောင်း ဆွေးနွေးပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

လာမည့် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ကျင်းပမည့် အဆိုပါ ပန်းမန်ပြပွဲသည် နိုင်ငံအတွင်း လှုပ်ရှားဆောင်ရွက်မှု အမျိုးအစား ၅၀ အနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း နိုင်ငံခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လက်ဘနွန်နိုင်ငံ အရှေ့မြောက်ပိုင်း ဘိက်ဖာယာမြို့၌ လုံခြုံရေးစောင့်ကြပ်နေသော သံချပ်ကာတပ်ဖွဲ့များကို နိုဝင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေကြောင်းပျံသန်းမှု သဘောတူစာချုပ် တောင်ကိုရီးယားနှင့် ယူကရိန်း ချုပ်ဆို

ဆိုးလ် နိုဝင်ဘာ ၂၅

တောင်ကိုရီးယားနှင့် ယူကရိန်းနိုင်ငံတို့သည် နှစ်နိုင်ငံအကြား လေကြောင်းခရီးသွားလာခြင်းနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းတို့တွင်ကျယ်လာစေရန် သဘောတူစာချုပ်တစ်ရပ်ကို နိုဝင်ဘာ ၂၂ ရက်တွင် ဆိုးလ်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြောင်း ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တိုးချဲ့ပျံသန်း

ယင်းသဘောတူညီချက်အရ ဆိုးလ်နှင့် ကိယက်ဗ်မြို့တို့တွင် တစ်ပတ်လျှင် ခရီးသည်တင်လေယာဉ် ခုနစ်စင်း ပျံသန်းပြေးဆွဲရန် သဘောတူညီပြီး လာမည့်နှစ်တွင် အရေအတွက် တဖြည်းဖြည်း တိုးချဲ့ပျံသန်းသွားမည်ဖြစ်သည်။

လေကြောင်းလိုင်းမရှိသေး

လောလောဆယ်တွင်မူ အဆိုပါ နှစ်နိုင်ငံအကြား တိုက်ရိုက်ပျံသန်းသော လေကြောင်းလိုင်း မရှိသေးကြောင်း သိရသည်။

ထိုစာချုပ်သည် တောင်ကိုရီးယားနိုင်ငံအနေဖြင့် လေကြောင်းနှင့် စပ်လျဉ်း၍ ယခုနှစ်၌ ဆဋ္ဌမမြောက် ချုပ်ဆိုသော စာချုပ်ဖြစ်ကြောင်း သိရသည်။ ယင်းနိုင်ငံသည် တရုတ်၊ ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့နှင့်လည်း အလားတူစာချုပ်များ ချုပ်ဆိုခဲ့ပြီး ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တာဝေးခရီးစဉ်ကို မရပ်မနား ပျံသန်းနိုင်ရန်အတွက်စမ်းသပ်မောင်းနှင်လာသော အေ-၃၈၀အမျိုးအစား အဲဘတ်စ်လေယာဉ်ကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ပူဒေါင် နိုင်ငံတကာ လေဆိပ်တွင် နိုဝင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရေး အင်ဒိုနီးရှားကို ရုရှားကူညီမည်

ဂျာကာတာ နိုဝင်ဘာ ၂၅

ရုရှားအစိုးရသည် အင်ဒိုနီးရှားနိုင်ငံက ပထမဆုံးအကြိမ်အဖြစ် ပြုလုပ်မည့် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ရေးလုပ်ငန်းတွင် အကူအညီပေးရန် စိတ်အားထက်သန်နေကြောင်း သံတမန်တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ပါဝင်ကူညီ

စွမ်းအင်ကဏ္ဍနှင့် ပတ်သက်၍ ရုရှားက အင်ဒိုနီးရှား၏ ပထမဆုံးသော နျူကလီးယား ဓာတ်ပေါင်းဖိုသစ် ဆောက်လုပ်ရာတွင် ပါဝင်ကူညီရန် စိတ်အားထက်သန်နေသည်ဟု အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မီခေးဘီလီက ပြောကြားသည်။

အင်ဒိုနီးရှားသမ္မတ ယူဒိုယိုနိုနှင့် ရုရှားသမ္မတပူတင်တို့ မော်စကိုမြို့၌ ဒီဇင်ဘာ ၁ ရက်တွင် တွေ့ဆုံဆွေးနွေးစဉ်အတွင်း နျူကလီးယားဓာတ်ပေါင်းဖို ပူးပေါင်း ဆောင်ရွက်ရေး ခေါင်းစဉ်ကို အဓိကကိစ္စတစ်ရပ်အဖြစ် ဆွေးနွေးမည် ဖြစ်သည်။

အသိပေးမည်

မိမိတို့က လေ့လာမှုများပြုလုပ်ကာ နျူကလီးယားဓာတ်ပေါင်းဖို မည်သို့မည်ပုံ ဆောက်လုပ်ရန်ကိစ္စကို အင်ဒိုနီးရှားအား အသိပေးမည်ဖြစ်ကြောင်း ဘီလီက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ခေတ်မီဆီမီးကွန်ဒတ်တာ ထုတ်လုပ်သော စက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်တစ်နေရာကို နိုဝင်ဘာ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာဂြိုဟ်ကို အန္တရာယ်ဖြစ်စေမည့် ဂြိုဟ်ပဲ့နှင့် ဥက္ကာပျံများ အဝေးကြည့်မှန်ဘီလူးအသစ်ဖြင့် ရှာဖွေတွေ့ရှိနိုင်ပြီ

ပေကျင်း နိုဝင်ဘာ ၂၅

တရုတ်နိုင်ငံသည် အကြီးဆုံး အဝေးကြည့်မှန်ဘီလူးအမျိုးအစားဖြစ်သော ရှမက်ဒ်ခေါ် မှန်ဘီလူးအသစ်ကို တီထွင်လိုက်သည်။ ယင်းမှန်ဘီလူးသည် ကမ္ဘာဂြိုဟ်ကို လာရောက်ထိမှန်နိုင်ဖွယ်ရှိသော ဂြိုဟ်သိမ်ဂြိုဟ်မွှားတို့ကို ရှာဖွေကြည့်ရှုနိုင်ရန် အထောက်အကူပြုမည့် ကိရိယာဖြစ်သည်။

အဆိုပါ မှန်ဘီလူး၏ အရွယ်အစားမှာ အချင်းတစ်မီတာရှိသည်။ တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် တရုတ်အကယ်ဒမီသိပ္ပံဌာန၏ အောက်ဇီကျစ်တောင်ရှိ အာကာသလေ့လာရေးစခန်းတွင် ယင်းမှန်ဘီလူးကို စမ်းသပ်ခဲ့ပြီးဖြစ်သည်။

ချဉ်းကပ်ဝင်ရောက်

ကမ္ဘာ၏ ဆွဲအားကြောင့် ဂြိုဟ်ပတ်လမ်းများအတွင်းသို့ ဂြိုဟ်သိမ်ဂြိုဟ်မွှားများက ချဉ်းကပ်ဝင်ရောက်လာတတ်သည်။

ယင်းအဝေးကြည့်မှန်ဘီလူးတွင် အနုစိတ်တိုင်းနိုင်သော ကိရိယာများ တပ်ဆင်ထားကြောင်း၊ မသိရှိသေးသော ဥက္ကာပျံနှင့်ဂြိုဟ်ပဲ့များကို ထပ်မံလေ့လာနိုင်မည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာကို ထိခိုက်မှုဖြစ်စေနိုင်သော ဂြိုဟ်သိမ်ဂြိုဟ်မွှားများကို သိပ္ပံပညာရှင်များ ကြိုတင်သိရှိနိုင်ရန် ယင်းမှန်ဘီလူးက အထောက်အကူပြုနိုင်ကြောင်း ယန်ကျီဇင်က ပြောကြားသည်။

အတိတ်ကာလက ကမ္ဘာကို ဂြိုဟ်သိမ်ဂြိုဟ်မွှားနှင့် ဥက္ကာပျံများလာရောက်ထိခိုက်မှုမျိုးရှိခဲ့ရာ နောင်အနာဂတ်တွင်လည်း အလားတူအဖြစ်မျိုး ဖြစ်ပွားလာဖွယ်ရှိကြောင်း ယန်က ပြောကြားသည်။

ယင်းအန္တရာယ်ကျရောက်မှုမျိုးကို ကြိုတင်သိရှိနိုင်ရန်နှင့် ဖြေရှင်းနိုင်ဖွယ်ရာ နည်းလမ်းကိုကြိုတင်ပြုလုပ်နိုင်ရန် ယင်းမှန်ဘီလူးကို တီထွင်ထားခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

သက်သေ အထောက်ထားများအရ ၁၉၀၈ ခုနှစ်က အချင်း ၄၅ မီတာမှ မီတာ၉၀ ကြားရှိ ဂြိုဟ်သိမ်တစ်ခု ကမ္ဘာ့လေထုအတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ဆိုက်ဘေးရီးယားဒေသ အလယ်ပိုင်း စတိုနီတွန်ဂူစကာ မြစ်အနီးရှိ စတုရန်းကီလိုမီတာ ၂၀၀၀ ခန့်ရှိသော ထင်းရှူးတောမှာ ပျက်စီးသွားခဲ့ရသည်။ ထိုစဉ်က ဖြစ်ပွားသော ပေါက်ကွဲမှုပြင်းအားမှာ ယမ်းဘီလူး ၁၅ မီဂါတန်နှင့် ညီမျှသည်ဟု ခန့်မှန်းခဲ့ကြသည်။

တွေ့ရှိထား

မျက်မှောက်ကာလတွင် ကမ္ဘာ့သိပ္ပံပညာရှင်များသည် အချင်းမီတာ ၁၀၀ နှင့် မီတာ ၁၀၀၀ကျော်ရှိ ဂြိုဟ်သိမ်ဂြိုဟ်မွှားများ အပါအဝင် ကမ္ဘာနှင့်နီးကပ်စွာ ရွေ့လျားနေသော ဂြိုဟ်သိမ်ဂြိုဟ်မွှားပေါင်း ၈၀၀ ကျော်ကို တွေ့ရှိထားပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှု ၂၀၂ ဦး သေဆုံး ညမထွက်ရအမိန့် ထုတ်ပြန်ထား

ဘဂ္ဂဒက် နိုဝင်ဘာ ၂၅

အမေရိကန်က အီရတ်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခဲ့ပြီး ချိန်နောက်ပိုင်း ဘဂ္ဂဒက်မြို့တွင် ဂိုဏ်းဂဏတိုက်ခိုက်မှုများဖြစ်ပွားမည်စိုးရိမ်ရသဖြင့် အာဏာပိုင်များက ညမထွက်ရအမိန့်ကို ရက်အကန့်အသတ်မရှိ ထုတ်ပြန်ခဲ့သည်။ ယင်းနောက်ပိုင်း ဘဂ္ဂဒက်တွင် နိုဝင်ဘာ ၂၃ ရက်က ကားဗုံးခြောက်ကြိမ် ပေါက်ကွဲခဲ့သဖြင့် ၂၀၂ ဦး သေဆုံးခဲ့သည်။ ရှီးယိုက်ဝန်ကြီးချုပ် အယ်လ်မာလီကီနှင့် ဆွန်နီ ဒုတိယသမ္မတ အပါအဝင် အဖွဲ့အစည်း အားလုံးမှ ခေါင်းဆောင်များက တည်ငြိမ်မှုရှိစေရန် ရပ်မြင်သံကြားမှ မေတ္တာရပ်ခံခဲ့ကြသည်။ ပြည်သူများအနေဖြင့် တာဝန်သိသိ နေထိုင်လုပ်ကိုင်ကြပြီး အခြေအနေ ငြိမ်သက်အေးချမ်းစေရန်နှင့် အတူအကွ စုစုစည်းစည်းရှိကြရန် မိမိတို့ တိုက်တွန်းပါကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

အမျိုးသားညီလာခံကိုယ်စားလှယ်များ လောကချမ်းသာအဘယလာဘမုနိဘုရားဖူးမြော် မြန်မာအင်ဖိုတက်သို့ သွားရောက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာအဘယလာဘမုနိဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ အလှည့်ကျဂေါပက အဖွဲ့ဝင် ဦးစိုးမြင့်နှင့် တာဝန်ရှိသူများကကြိုဆိုကြပြီး ဘုရားကြီး၏ သမိုင်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဘုရားကြီး ဘက်စုံပြုပြင် မွမ်းမံထိန်းသိမ်းနိုင်ရေး အတွက် စုပေါင်းလှူဒါန်းငွေကျပ် ၁၄၇၂၀၀ကို ပေးအပ်လှူဒါန်းကြရာ အလှည့်ကျဂေါပကအဖွဲ့ဝင်က လက်ခံပြီး လောကချမ်းသာအဘယလာဘမုနိ ဘုရားကြီးပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဘုရား ပရိဝုဏ်အတွင်းရှိ သာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာ ကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဆင်ဖြူတော်ဆောင်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရုံးမှ တာဝန်ခံဆရာဝန် ဦးခင်မောင်ဝင်းက ရတနာဆင်ဖြူတော်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ ကိုယ်စားလှယ်များက ရတနာဆင်ဖြူတော်များ အတွက် အလှူငွေကျပ် ၄၀၀၀၀ကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာအင်ဖိုတက် Myanmar Info-Tech သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား မြန်မာအင်ဖိုတက် အစည်းအဝေးခန်းမ၌ Myanmar Info-Tech Corporation Ltd ဥက္ကဋ္ဌ ဦးသိန်းဦးက နှုတ်ခွန်းဆက်စကား ပြောကြား သည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား Myanmar Info-Tech နှင့်ပတ်သက်၍ Video Clip Presentation ပြသသည်။

ယင်းနောက် Myanmar Info-Tech ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်ဇော်မြင့်က Myanmar Info-Tech ၏ လုပ်ငန်းများနှင့် ပတ်သက်၍ သိကောင်းစရာများ၊ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိနှင့်အနာဂတ်ဆက်သွယ်ရေးဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ အင်ဂျင်နီယာချုပ် ဦးတင့်လွင်က လည်းကောင်း Viedo Clip ဖြင့် ရှင်းလင်းပြောကြားကြပြီး အမျိုးသားညီလာခံကိုယ်စားလှယ်များက သိလိုသည့် အချက်အလက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသီးသီး ပြန်လည်ဖြေကြားကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မြန်မာအင်ဖိုတက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ယနေ့(တနင်္ဂနွေ)နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့လေးဆူဓာတ်ပုံရွှေတိဂုံ စေတီတော်မြတ်ကြီးသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ ကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် ယနေ့(တနင်္ဂနွေ)နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ကရင်ကျမ်းစာသင်ကျောင်းရှိ စင်မင်နရီး ကရင်နှစ်ခြင်း ဘုရားကျောင်းသို့ သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။

(သတင်းစဉ်)



အမျိုးသားညီလာခံကိုယ်စားလှယ်များ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ ဆင်ဖြူတော်ဆောင်ကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ရွှေစက်တော် အရှင်သုန္ဒရ နယ်လှည့်တရားပွဲများ

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ရွှေစက်တော်ကျောင်းတိုက်မှ မိုးကုတ်နယ်လှည့်ဓမ္မကထိက အရှင်သုန္ဒရသည် ဒီဇင်ဘာ ၁ရက်မှ ၃ရက်အထိ လက်ပံတန်းမြို့နယ် ရတနာသီရိဓမ္မာရုံ၊ ဒီဇင်ဘာ ၅ရက်မှ ၁၁ရက်အထိ ဥက္ကံမြို့ ဇေယျဝတီကျောင်းတိုက်၊ ဒီဇင်ဘာ ၁၉ရက်မှ ၂၅ရက်အထိ နတ်တလင်းမြို့နယ် ချောင်းကမ်းကြီးကျောင်း၊ ဒီဇင်ဘာ ၂၅ရက်မှ ၃၁ရက်အထိ နတ်တလင်းမြို့နယ် ချောက်ခမ်း ဓမ္မရိပ်သာကျောင်းတို့၌ ကျေးဇူးရှင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ဝိပဿနာတရားများ ဟောကြားမည် ဖြစ်သည်။

(က-ပ)

စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ် မောင်းထောင်ရွာ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး ဘဒ္ဒန္တသောဘိတမဟာထေရ် အန္တိမအဂ္ဂိဈာပနပူဇာ တရားပွဲများ

ရန်ကုန် နိုဝင်ဘာ ၂၆

ဓုတင်္ဂရေ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ပဋ္ဌာနဆေက၊ ဩဝါဒက္ခမ၊ သံသာရဘီရုက၊ ဝိနယ ကုက္ကုစ္စ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဒယာပန္န၊ ဂန္ထကာရက၊ အရညဝါသီ တောရမှီသည့် သက်တော်(၈၆)နှစ်ရှိ သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တသောဘိတမဟာထေရ်သည် စက်တင်ဘာ ၁ရက်တွင် ပျံလွန်တော်မူသွားပြီး ဒီဇင်ဘာ ၁ရက်မွန်းလွဲ ၁နာရီတွင်အန္တိမအဂ္ဂိဈာပန အခမ်းအနားပြုလုပ်မည်ဖြစ်ရာ သာဓုကီဠနပူဇာသဘင်အဖြစ် တရားပွဲများကို ကျင်းပမည်ဖြစ်ပါသဖြင့် နိုဝင်ဘာ ၂၈ရက်တွင် မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ၊ နိုဝင်ဘာ ၂၉ရက်တွင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၊ နိုဝင်ဘာ ၃၀ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိတို့က ည၇နာရီတွင် တရားတော်များကိုဟောကြားတော်မူမည်ဖြစ်သည်။(သတင်းစဉ်)

မန္တလေးဗဟိုအကျဉ်းထောင်မှ လွတ်ရက်စေ့လွတ်သူများအား တွေ့ဆုံကာ ဆုံးမစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၆

မန္တလေးဗဟိုအကျဉ်းထောင်မှ နိုဝင်ဘာ ၂၄ရက်(သောကြာနေ့)၊ ၂၅ရက်(စနေနေ့)နှင့် ၂၆ရက်(တနင်္ဂနွေနေ့)တို့တွင် လွတ်ရက်စေ့အကျဉ်းသား၊ အကျဉ်းသူ ၆၆ဦးတို့အား နိုဝင်ဘာ ၂၄ရက် နံနက် ၉နာရီတွင် ယင်းအကျဉ်းထောင်ရှိ ခန်းမဆောင်(၁)၌ တာဝန်ခံအရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြသွင်က တွေ့ဆုံကာ ဆုံးမစကားပြောကြား၍ လွှတ်သည်။

ပုံစံမလိုအဝကျွေး

ထိုသို့တွေ့ဆုံကာ ဆုံးမစကားပြောကြားရာတွင် တာဝန်ခံအရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြသွင်က ယနေ့လွတ်သူများတွင် စနေနေ့လွတ်သူ ခြောက်ဦး၊ တနင်္ဂနွေနေ့လွတ်သူ ၃၅ဦးတို့ အပါအဝင် စုစုပေါင်း ၆၆ ဦးတို့အား ရုံးဖွင့်ရက်တွင် လွှတ်ပေးကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ရသူများဖြစ်ပြီး အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများက တာဝန်အရ ဆောင်ရွက်ခဲ့ရကြောင်း၊ အကျဉ်းဦးစီးဌာနက“ပုံစံမလိုအဝကျွေး” ဆိုသည့် ဆောင်ပုဒ်အတိုင်း နေ့စဉ်နံနက်စောစော ဆန်ပြုတ်၊ နေ့လယ်စာ၊ ညနေစာတို့ကို ကျွေးရကြောင်း၊ တစ်ပတ်နှစ်ကြိမ် အသားကျွေးရကြောင်း၊ တစ်ပြည်လုံး အကျဉ်းထောင် ၄၂ထောင်၊ စခန်း ၉၁ခုတို့မှ ပြစ်ဒဏ်ကျ အကျဉ်းသား၊ အချုပ်သားများအတွက် နေ့စဉ်ဆန်အိတ် ၁၀၀၀ခန့်ကုန်ကျကြောင်း၊ အသားဟင်း နှစ်ကြိမ်အတွက် တစ်ကြိမ်လျှင် ပိဿာ ၃၀၀၀ကျော်ကုန်ကျကြောင်း၊ အသားမစားသူများအတွက် ဘဲဥအလုံး ၅၀၀၀ ကုန်ကျကြောင်း၊ စရိုက်တူသည့် မိသားစုတစ်စု အသုံးပြုသည့်အိမ်သာ အနံ့မထွက်အောင် ကြိုးပမ်းရာတွင် ပင်ပန်းသကဲ့သို့ စရိုက်မတူသည့် အကျဉ်းသား၊ အချုပ်သားများ၏ အညစ်အကြေးများ အနံ့မထွက်အောင် သန့်ရှင်းအောင်ပြုလုပ်ရသည်မှာ ခက်ခဲလှကြောင်း။

ကြည့်ရှုကုသပေး

အကျဉ်းထောင်၌ချိုးရေ၊ သုံးရေကို လုံလောက်စွာ သုံးစွဲရသကဲ့သို့ အလှူရှင် တစ်ဦးက ငွေကျပ်သိန်း ၄၀၀ကျော်တန်ဖိုးရှိ ရေသန့်စက်ရုံကို လှူဒါန်းသွားမည်ဖြစ်ရာ ပြစ်ဒဏ်ကျ အကျဉ်းသား၊ အချုပ်သားများသာမက အကျဉ်းဦးစီးဌာန မိသားစုများ၊ ထောင်ဝင်စာလာရောက်တွေ့ဆုံသည့် ပြင်ပမှ မိသားစုများကိုပါ သောက်ရေသန့်တိုက်သွားမည်ဖြစ်ကြောင်း၊ ပြစ်ဒဏ်ကျအကျဉ်းသား၊ အချုပ်သားများအတွက် ကျန်းမာရေးကို အကျဉ်းထောင်ဆေးရုံမှ ဆရာဝန်ကြီးများ၊ ပြင်ပတိုင်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ တိုင်းရင်းဆေးသမားတော်များကလည်း အပတ်စဉ်သောကြာနေ့တိုင်း လာရောက်ကြည့်ရှုကုသပေးလျက်ရှိသည်ကို လွတ်လူများကိုယ်တွေ့ဖြစ်ကြောင်း။

သို့ရာတွင် မည်မျှကောင်းအောင်လုပ်သော်လည်း ကမ္ဘာပေါ်ရှိ ထောင်အားလုံးသည် မိမိနေအိမ်လောက် နွေးထွေးမှုရှိမည် မဟုတ်ကြောင်း၊ ယခုအချိန်မှစပြီး မိမိ မိသားစုနှင့်အတူ အေးချမ်းကောင်းမွန်စွာ နေထိုင် ကြရန်နှင့် နောင်တွင် အကျဉ်းထောင်သို့ မည်သည့်အခါမှ ပြန်မလာကြရန် မှာကြားပြီး လာရောက်ကြိုဆိုသည့် မိဘဆွေမျိုးများရှေ့မှောက်တွင် အကျဉ်းသားအချင်းချင်း အနိုင် အထက်ပြုကျင့်မှု၊ ဝန်ထမ်းများက အနိုင်အထက် ပြုကျင့်မှုများ၊ မကျေနပ်မှုများရှိပါက တိုင်ကြားရန် ပြောကြားသည်။

အဆိုပါ လွတ်သူများအား တွေ့ဆုံကာ ဆုံးမစကားပြောကြားရာသို့ မန္တလေးဗဟိုအကျဉ်းထောင် ဒုတိယတာဝန်ခံအရာရှိ၊ ဝန်ထမ်းများနှင့် လွတ်သူများ၏ မိဘ၊ ဇနီးနှင့် ဆွေမျိုးမိတ်သင်္ဂဟများ တက်ရောက်ကြပြီး အမျိုးသား ၅၉ဦးနှင့် အမျိုးသမီးခုနစ်ဦးတို့ လွတ်လူဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် နိုဝင်ဘာ ၂၅ရက်က အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးခင်မောင်စိုးက အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းတင်ပြပြီး အခြေခံပစ္စည်းများ ဆောက်လုပ်ရောင်းချသူ Developers များ ဖြစ်ကြသော ဆောက်လုပ်ရေး ကုမ္ပဏီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(က-ပ)

NLD ပါတီသည် နိုင်ငံနှင့် ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ ဆောင်ရွက်ခဲ့ခြင်းမရှိ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ချောင်းဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်တစ်ဦး နုတ်ထွက်

ရန်ကုန် နိုဝင်ဘာ ၂၆

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် မြို့မရပ်ကွက်နေ မောင်ကျော်မင်းထိုက်သည် စက်တင်ဘာ ၁၂ ရက်တွင် မိမိ၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာပေးပို့နုတ်ထွက်ခဲ့သည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)သည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ၎င်းအနေဖြင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များ အပေါ် ယုံကြည်မှုမရှိတော့၍ ယခုကဲ့သို့ မိမိ၏ဆန္ဒအလျောက်နုတ်ထွက်ပါကြောင်း ဖော်ပြထားသည်။

(သတင်းစဉ်)

ပြည်သူ့အတွက်လိုအပ်ချက် ဖြည့်ဆည်းမနေး ဆောင်ရွက်ပေး

စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူနေမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် လုပ်ငန်းများ ဖြစ်သည်။ ထို့အပြင်ဒေသဖွံ့ဖြိုးတိုးတက်မှုရှိရေးနှင့် စည်းကမ်းစနစ်ကျနသော လူမှုပတ်ဝန်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေး အတွက် အစဉ်အမြဲဆောင်ရွက်ပေးနေသည့် လုပ်ငန်းများလည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ လူမှုဘဝ အခြေခံလိုအပ်ချက်များ ပြည့်စုံလာစေပြီး ဖွံ့ဖြိုးတိုးတက်သာယာမှုရှိလာစေရေး အတွက် နိုင်ငံတော်အစိုးရက ပြည်နယ်/တိုင်းအသီးသီးရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ လိုက်နာဖော်ဆောင်ပေးရမည့် လုပ်ငန်းတာဝန်များကို ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေတွင် လုပ်ငန်းတာဝန်၃၁ချက်အဖြစ် အသေးစိတ်ဖော်ပြသတ်မှတ် ပြဋ္ဌာန်းပေးခဲ့သည်။

စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်၃၁ချက်နှင့်အညီ မိမိတို့တာဝန်ကျရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရာတွင် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများသာမက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ဆောင်ချက်များ၊ တစ်နှစ်တာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များအပေါ် အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်သုံးသပ်၍ ညှိနှိုင်းဆုံးဖြတ်ပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နှစ်စဉ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ၁၉၉၀ ပြည့်နှစ်မှစ၍ ကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၇)ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်သည်။

ယခုနှစ်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၉-၁၀-၂၀၀၆ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က **ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် အနက် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများတွင် ချမှတ်ပေးထားသော စီမံကိန်းရည်မှန်းချက်များ ပြည့်မီရေးအတွက် ကျန်ရှိသည့်ကာလတွင် အလေးထားကြိုးပမ်းဆောင်ရွက်ရန်၊ မိမိတို့တာဝန်ယူရသည့် မြို့ပြဒေသများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ စိမ်းလန်းစိုပြည်သာယာလှပရေးမှအစ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေပြီး စနစ်ကျနသော မြို့ပြဒေသများ ဖြစ်စေရေးအတွက် ဝန်ကြီးဌာန၊ ဦးစီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အစဉ်ကြိုးပမ်း ဆောင်ရွက်သွားကြရန်၊ ပြည်သူ့ဝန်ထမ်းများပီပီ မိမိတာဝန်ကျရာ ရပ်ရွာဒေသများ ဖွံ့ဖြိုးတိုးတက်သာယာမှုရှိစေအောင် တီထွင်ကြံဆ၊ လုံ့လဝီရိယ စိုက်ထုတ်ပြီး ဆောင်ရွက်ရန်၊ စည်ပင်သာယာရေးလုပ်ငန်းစဉ်များဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်မှု အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းလာရအောင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပါဝင်ပူးပေါင်းဆောင်ရွက်ရန်**တို့ကို အသေးစိတ် မှာကြားခဲ့သည်။

ဓေယျာမျိုးထက်

စည်ပင်သာယာရေးဦးစီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် ၂၀၀၀-၂၀၀၁ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ နှစ်၃၀စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက် ရှိရာတွင် ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်းမိုင်ပေါင်း ၃၂၉၃၉မိုင်၊ ကျေးလက်တံတား ၁၉၀၃၂စင်း၊ မြို့ပြလမ်း ၅၅၁၃မိုင်နှင့် မြို့ပြတံတား ၁၁၃၂၂စင်းကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းကိုလည်း စည်ပင်သာယာရေးအဖွဲ့များက ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ၁၀နှစ် စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့ရာတွင် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် ဆောင်ရွက်ပေးရမည့် ကျေးရွာ ၈၀၄၂ရွာအနက် ကျေးရွာ ၇၇၁၇ ရွာကို ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ၉၆ရာခိုင်နှုန်း ရေရရှိပြီး ဖြစ်သည်။ အလားတူ ကျန်ပြည်နယ်/တိုင်းများ၌ ဆောင်ရွက်ပေးရမည့် ကျေးရွာ ၁၅၀၈၃ရွာအနက် ကျေးရွာပေါင်း ၈၃၀၅ရွာကို ဆောင်ရွက်ပေးနိုင်ခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၅၅ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တစ်နိုင်ငံလုံးအနေဖြင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်ရန် ကျေးရွာပေါင်း ၂၃၂၂၅ရွာအနက် ကျေးရွာပေါင်း ၁၆၀၂၂ရွာကို ဆောင်ရွက်ပြီးဖြစ်၍ ၆၉ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲက သီးခြားတာဝန်ပေးထားသော စီမံကိန်းများဖြစ်သည့် ခရိုင်ချင်းဆက်လမ်းစီမံကိန်းနှင့် စံပြကျေးလက်အိမ်ရာစီမံကိန်းများကိုလည်း ရည်မှန်းချက်တာဝန် ပေါက်မြောက်အောင်မြင်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြို့ရွာများ သန့်ရှင်းသာယာလှပရေး၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် အနည်းဆုံးဖြစ်စေရေး၊ ခရီးလမ်း ဆက်သွယ်မှု ကောင်းမွန်စေရေး၊ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရေး၊ ကုန်သွယ်ရောင်းဝယ်မှု လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်စေရေး၊ ပြည်သူလူထုစိတ်လက်ကြည်သာစွာ အပန်းဖြေအနားယူနိုင်စေရေးအတွက် ဆောင်ရွက်ပေးရန်မှာ စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းတာဝန်များ ဖြစ်သည်နှင့်အညီ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရမည် ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်မှာချက်များ၊ စည်ပင်သာယာရေးအဖွဲ့များ အချင်းချင်း အတွေ့အကြုံညှိနှိုင်းချက်များ၊ အားနည်းချက်အားသာချက် ဖော်ထုတ်တွေ့ရှိမှုများ၊ သုတေသနစာတမ်းများ၏ လေ့လာတွေ့ရှိချက်များသည် လွန်စွာတန်ဖိုးကြီးမားလှပေသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှရရှိခဲ့သော လမ်းညွှန်ချက်များအား စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအဖြစ် အလေးအနက်ခံယူပြီး **မိမိမြို့နယ်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်သာယာမှုရှိစေရေးလုပ်ငန်းအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ မှတ်ကျောက်တင်ဂုဏ်ပြုခံရသော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်လျက် "ပြည်သူ့အတွက် လိုအပ်ချက်၊ ဖြည့်ဆည်းမနေး ဆောင်ရွက်ပေး" သည့် စည်ပင်သာယာရေးအဖွဲ့များ ဖြစ်အောင် ဦးထိပ်ပန်ဆင် လုပ်ဆောင်သွားကြရမည်** သာ ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင်ပညာသင် မြန်မာရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင်ကျောင်းတော်ကြီးအတွက် လှိုင်မြို့နယ် ဗဟိုလမ်း နန္ဒဝန်ခြံနေ ကွယ်လွန်သူသားငယ် ကိုလှမင်း(ခ) ကိုမင်းမင်းအားရည်စူး၍ မိခင်ကြီး ဒေါ်ဆွေဆွေ မိသားစုက အလှူတော်ငွေ ကျပ် ၁၅၀၀၀၀ကို အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)ရှေ့မှောက်တွင် အကျိုးတော်ဆောင် မောင်အောင်သူထိုက် သို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်း မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

၁။ ရောဂါပိုးများပါရှိသည့် ရေနှင့်အစားအသောက်များ စားသောက်မိခြင်းကြောင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကူးစက်ဖြစ်ပွားသည်။ မိုးဦးကျကာလတွင် ပိုမိုဖြစ်ပွားလေ့ရှိသော်လည်း ရာသီမရွေး၊ အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပြီး ဆောလျင်စွာ ကုသမှုမခံယူပါက အသက်သေဆုံးသည်အထိ အန္တရာယ်ရှိပါသည်။

၂။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများမှာ-

(က) ဗိုက်နာကျင်ခြင်းမရှိဘဲ ဝမ်းအရည်များများသွားခြင်း

(ခ) ဝမ်းသွားသည်ကို ခံစားသိရှိခြင်းမရှိဘဲ အရည်များသွားခြင်းတို့ဖြစ်ပြီး တစ်ကြိမ်နှစ်ကြိမ် ဝမ်းသွားရုံနှင့် ခန္ဓာကိုယ်အတွင်းရေနှင့် ဓာတ်ဆားများလျင်မြန်စွာ ကုန်ဆုံး၍အသက်ကို ဆုံးရှုံးနိုင်ပါသည်။

၃။ ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားရန်-

(၁) ရေကိုကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်းရေကန်စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များမဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့်စင်စင်ဆေးပါ။

(၇) ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲပါ။

၄။ ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားလျှင် အသက်ဆုံးရှုံးမှုမှ ကာကွယ်ရန်-

ဓာတ်ဆားထုပ်ကို သန့်ရှင်းသောရေ(သို့)ရေကျက်အေးဖြင့် အညွှန်းအတိုင်း အတိအကျ ဖျော်၍ သောက်သုံးပြီး နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူး၏ကြီးကြပ်မှုဖြင့် အင်းစိန်မြို့နယ် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ မြို့နယ်ဗုန်မီးသတ်ဦးစီးဌာနမှူး ရဲဗလသောင်းထိုက်၊ ဒေသအရန်တပ်ခွဲမှူးများနှင့် သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ အင်းစိန်မြို့နယ် တည်းကုန်းရပ်ကွက်မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ အရေးပေါ်ရေရရှိရေး၊ မီးသတ်ယာဉ်များ ဝင်လမ်းထွက်လမ်း အခြေအနေ စစ်ဆေးဆောင်ရွက်စဉ်။ (၆၁)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၇)ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၆

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၄၇)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ ကိုရီးယား ခရီးသွားဆောင်းပါး (ကင်မီလီယာ၏ ချစ်ခြင်းဒဏ္ဍာရီများ)၊ ကိုရီးယားဒရာမာကဲ့သို့ ရုပ်သံဇာတ်လမ်းတွဲများ ရိုက်ကူးနိုင်မည့် ပုဂ္ဂလိကရုပ်သံစတူဒီယို မြန်မာနိုင်ငံတွင် မကြာမီဖွင့်လှစ်မည်။ ဥရောပသဘော်လိုင်း Louis က မြန်မာအင်ဂျင်နီယာများ ရသလောက်ခေါ်မည်။ မြန်မာ့ကော်ဖီကို ကမ္ဘာကျော်ကော်ဖီအရောင်းအဝယ် လုပ်ငန်းမှ ကမ်းလှမ်းစသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ဘောလုံးအားကစားနဲ့ အသားအရောင်ခွဲခြားမှုပြဿနာ၊ ပေကျင်းတွင် ယာဉ်ကြောပိတ်ဆို့မှုကို မြေအောက်ကားလမ်းဖြင့် ဖြေရှင်းမည်ဟုဆို၊ သုဝဏ္ဏဘုမ္မိ လေဆိပ် တရားဝင်ဖွင့်လှစ်ရေး ခြောက်လရွှေ့ဆိုင်းဖွယ်ရှိ၊ ပြည်ကြီးသူ ရေသူမလေးစသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

အလုံမြို့နယ် အထက(၂) ၏(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို နိုဝင်ဘာ ၁၄ရက်က မရမ်းကုန်း(၈)မိုင် မြိုင်ဟေဝန်ပန်းခြံအနီး ရွှေဘဲစားသောက်ဆိုင်၌ ကျင်းပရာ အကန်တော့ခံဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်းပေးအပ်စဉ်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဝါးနက်ချောင်းတိုက်နယ်ဆေးရုံ အဆောက်အအုံသစ် တက်ရောက်ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၆

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ဝါးနက်ချောင်းတိုက်နယ်ဆေးရုံ အဆောက်အအုံသစ် ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် အဆိုပါ ဆေးရုံ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ဆေးရုံအဆောက်အအုံသစ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားကို ဆေးရုံရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုးတို့က ဆေးရုံအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆေးရုံ အဆောက်အအုံသစ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုးတို့က ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနားကို ဆေးရုံခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရက ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍပိုမိုမြင့်မားတိုးတက်စေရေးအတွက် အမျိုးသား ကျန်းမာရေး ကော်မတီကို ဖွဲ့စည်း၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ရာတွင် ကျေးလက်နေ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ တိုက်နယ်ဆေးရုံ အဆောက်အအုံသစ် တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းဖြင့် ကျေးလက်နေ ပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ယခင်ကထက် ပိုမိုပြည့်စုံစွာ ဆောင်ရွက်ပေးနိုင်တော့မှာဖြစ်ကြောင်းနှင့် တိုက်နယ်ဆေးရုံ ရေရှည်တည်တံ့နိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာအနီးရှိ ဝါးနက်ချောင်း တိုက်နယ်ဆေးရုံ အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းမှူးက ဆေးရုံခြံစည်းရိုး ကာရံခြင်းလုပ်ငန်းအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ် ၂၅ သိန်းကို ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းအတွက် Naing Group ဆောက်လုပ်ရေးက ငွေကျပ်၃၈၆သိန်း၊ ဆေးရုံဆေးပဒေသာပင်အတွက် Shine Hope Co, မှ ငွေကျပ် ၂၅ သိန်းနှင့် Naing Group ဆောက်လုပ်ရေးမှ ငွေကျပ် ၁၆ သိန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း၊ မီးခံကျောက်ပြားစက်ရုံမှ ဝန်ထမ်းများက ဆေးရုံခုတင်၁၀လုံး အတွက် ငွေကျပ်၁၀သိန်း အပါအဝင် အလှူရှင်များက ဆေးပဒေသာပင်ငွေများ စိုက်ထူလှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက လက်ခံကြသည်။

ထို့နောက် Naing Group ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယဥက္ကဋ္ဌ ဦးဇော်နိုင်ဦးက ဆေးရုံအဆောက်အအုံသစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဝါးနက်ချောင်းကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝါးနက်ချောင်း တိုက်နယ်ဆေးရုံသည် အလျား၁၂၈ပေ၊ အနံ၁၁၈ပေ ရှိသည့် RC တစ်ထပ်အဆောက် အအုံဖြစ်ပြီး ဆေးရုံ၌ ခွဲစိတ်ခန်းနှစ်ခန်း၊ သားဖွားခန်းတစ်ခန်း၊ လူနာဆောင်နှစ်ခု၊ ဓာတ်မှန်ခန်းတစ်ခန်း၊ ဆေးသိုလှောင်ခန်းတစ်ခန်း၊ ဓာတ်ခွဲခန်းတစ်ခန်းနှင့် ပြင်ပလူနာဌာနတို့ ပါရှိသည်။ အဆိုပါ ဆေးရုံကို ကျန်းမာရေး ဝန်ကြီးဌာန၏ ပံ့ပိုးငွေကျပ် ၉၈၆သိန်း၊ Naing Group ဆောက်လုပ်ရေးမှ လှူဒါန်းငွေ ကျပ် ၃၈၆သိန်းနှင့် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆေးရုံခြံစည်းရိုး ကာရံရန်အတွက် လှူဒါန်းငွေကျပ် ၂၅သိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၁၃၉၇ သိန်းကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ဝါးနက်ချောင်း တိုက်နယ်ဆေးရုံ အဆောက်အအုံသစ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ပြုပြင်တည်ဆောက်မှုလုပ်ငန်းအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ဘက်စုံ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ပြည်နယ်နှင့် တိုင်းများမှ အလှူရှင်များ၊ စေတနာရှင်များ၊ အသင်းအဖွဲ့များ၊ ပါဝင်လှူဒါန်းလိုသူများသည် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ဖုန်း-၀၅၇ -၂၁၃၃၄၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း -၀၅၇-၂၃၀၀၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

၂၀၀၆ ခုနှစ် ဒီပါဝလီနေ့ မိတ်ဆုံညစာ ညှော်ခံပွဲကျင်းပ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ဆီမီးတိုင်ထွန်းညှိပေး

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် ဒီပါဝလီနေ့ မိတ်ဆုံညစာ ညှော်ခံပွဲကို နိုဝင်ဘာ၂၄ရက် ည၇နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာ-အိန္ဒိယစီးပွားရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဗန္ဓုလ ဦးရွှေနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

၂၀၀၆ ခုနှစ် ဒီပါဝလီနေ့ မိတ်ဆုံ ညစာညှော်ခံပွဲ အထိမ်းအမှတ် ဆီမီးတိုင်ကို သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်တို့က ထွန်းညှိပေးကြစဉ်။

(သတင်းစဉ်)

ရှေးဦးစွာ ဒီပါဝလီနေ့ မိတ်ဆုံညစာ ညှော်ခံပွဲအထိမ်းအမှတ် ဆီမီးတိုင်ကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့်တာဝန်ရှိသူများက ထွန်းညှိပေးကြသည်။

ယင်းနောက် မြန်မာ-အိန္ဒိယ စီးပွားရေး လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဗန္ဓုလ-ဦးရွှေ ကိုယ်စား Mr. Rajul Goenka က ဒီပါဝလီမိတ်ဆုံညစာ ညှော်ခံပွဲ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက နှုတ်ခွန်းဆက် စကားပြောကြားသည်။

ဆက်လက်၍ မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်း အထွေထွေ အတွင်းရေးမှူး Mr. R. K. Ananda က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများအား ညစာဖြင့် တည်ခင်းညှော်ခံကာ အိန္ဒိယယဉ်ကျေးမှု အကဖြင့် ညှော်ခံဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၁-၂၀၀၆ (တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ၊ယနေ့အစီအစဉ်
- ၇:၀၅ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
- ၇:၁၅ တေးဂီတအစီအစဉ်
- ၇:၂၀ ဖူးမြော်ကြည်ညိုဖွယ်ရာ အောင်ဆုပြည့်ကြောင်း ရှစ်သောင်းလေးထောင် စေတီတော်မဟာ
- ၇:၃၅ တေးဂီတအစီအစဉ်
- ၇:၄၀ Music Talk (ထရမ်းပက်ဝင်းဦး) (ဗိုလ်ကလေးတင့်အောင်နှင့် ဒေါက်တာဇော်သန်း)
- ၈:၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၈:၁၀ ရတနာရွှေသိုက်
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ သာစုခေါ်စေသော် အလင်းအလှူတော်
- ၈:၄၀ တေးဂီတအစီအစဉ်
- ၈:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၁၅ မိုးလေဝသခန့်မှန်းချက်
- ၉:၂၀ သစ်သီးပန်းပုလက်မှုအနုပညာ
- ၉:၃၀ တေးဂီတအစီအစဉ်
- ၉:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၄၅ အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပ လိုဏ်ဂူမှာ
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ ပြည်တွင်းအနုပညာရေးရာ
- ၁၀:၄၅ တေးဂီတအစီအစဉ်
- ၁၀:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၅၅ သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ မြင်ကွင်းများကြည်လင်စေဖို့
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ် ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အောက်အဖွဲ့အစည်း၏ တင်ပြချက်နှင့် သဘောထားကို လေးစားရမှာဖြစ်သကဲ့သို့ အထက်အဖွဲ့အစည်းကို မှန်မှန်ကန
မိမိမြို့နယ်၊ ခရိုင်၊ နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ မှတ်တမ်းမှတ်ရာများ၊ စာရင်းဇယားများ စနစ်တ

❍ ရှေ့ဖုံးမှ

မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဝင်းနှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်တို့က ခရိုင်အလိုက်မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများ ဖွဲ့စည်းတည်ရှိမှု၊ အကျယ်အဝန်း၊ ရာသီဥတုအခြေအနေနှင့် မိုးရွာသွန်းမှုများ၊ ခရိုင်၏ လူဦးရေ၊ မြေအသုံးချနိုင်မှုများ၊ မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ရိတ်သိမ်းပြီးစီးမှု၊ နွေစပါးစိုက်ပျိုးရန် လျာထားမှုနှင့် စိုက်ပျိုးမှု၊ အဓိက သီးနှံ ၁၀ မျိုး စိုက်ပျိုးနိုင်မှု၊ ဒေသဆန်၊ ဆီ ဖူလုံမှု၊ နှစ်ရှည်သီးနှံ ရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်စိုက်ပျိုးမှု၊ အမယ်သစ်သီးနှံ ငရုတ်ကောင်း၊ ကော်ဖီ၊ လက်ဖက်စိုက်ပျိုးမှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ၌ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲမှု၊ ငါး၊ ပုစွန်၊ ကြက်၊ ဘဲ၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက် မွေးမြူမှု၊ စက်မှုဇုန်များအခြေအနေနှင့် စက်မှုဇုန်အလိုက် စက်ပစ္စည်းကိရိယာနှင့် လုပ်ငန်းသုံးယာဉ်များ ထုတ်လုပ်မှုနှင့် ပညာရေး၊ ကျန်းမာရေးအခြေ

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အနေများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်မှုများ၊ လူတစ်ဦးချင်းဝင်ငွေတိုးတက်မှုများနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဧရာဝတီတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးကျော်စန်းက တိုင်း၏အကျယ်အဝန်း၊ လူဦးရေ၊ တိုင်းအတွင်း တရားဥပဒေစိုးမိုးမှုအခြေအနေ၊ ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါးစိုက်ပျိုးရိတ်သိမ်းမှု၊ ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးစိုက်ပျိုးရန် လျာထားချက်နှင့် စတင်စိုက်ပျိုးနေမှု၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးမှု၊ တိုင်း၏ ဆန်ဖူလုံမှု၊ စားသုံးဆီဖူလုံမှု၊ နှစ်ရှည်သီးနှံနှင့် အမယ်သစ်သီးနှံ စိုက်ပျိုးမှု၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှု၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှု၊ ပုသိမ်၊ ဟင်္သာတနှင့် မြောင်းမြ စက်မှုဇုန်များ၏ အခြေအနေ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍများ၏ တိုးတက်မှုအခြေအနေ၊ လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေ၊ ၂၀၀၆-၂၀၀၇ ခုနှစ် အောက်တိုဘာလကုန်အထိ တိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ၂၀၀၆-၂၀၀၇ ခုနှစ်တွင် မိုးစပါးဧက ၃၇ သိန်း၊ နွေစပါးဧက ၁၆ သိန်း စိုက်ပျိုးရန် လျာထားချက်အပေါ် အမှန်စိုက်ပျိုးနိုင်မှု၊ ရော်ဘာ၊ သီဟိုဠ်စိုက်ပျိုးနိုင်မှု၊ အုန်းသီးထုတ်လုပ်နိုင်မှု၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးဆားနယ်၊ ငံပြာရည်၊ ငါးလေးခြောက်၊ ငါး၊ ပုစွန် စသည့် ဒေသရေထွက်ပစ္စည်းများ ထုတ်လုပ်မှု၊ နေလှန်းဆားထုတ်လုပ်မှုနှင့် ဒေသအတွင်းလမ်း၊ တံတားအခြေအနေ တိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံ ဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍ ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က အားပေးပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပုံများ၊ တိုးတက်ဖြစ်ပေါ်လာမည့် နိုင်ငံတော်လူဦးရေ သန်း ၁၀၀ အတွက် စားနပ်ရိက္ခာ ဖူလုံစေရန် စပါးတင်း သန်း ၁၅၀၀ ထွက်ရှိရေး ရည်မှန်းချက်ထား၍ ကြိုတင်ဆောင်ရွက်နေမှုများ၊ ဧရာဝတီတိုင်းသည် လယ်ယာကဏ္ဍသာမက သားငါးကဏ္ဍ၌ပါ နိုင်ငံတော်အတွက် အဓိကအားထားရသည့် တိုင်းတစ်တိုင်းဖြစ်၍ ဖိဖိစီးစီး ကြိုးစားလုပ်ကိုင်ရန် လိုအပ်ပုံ၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဧရာဝတီတိုင်း၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်အားပေးဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီးပွားရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုနှင့် ကာလတို စီမံကိန်းအလိုက် ရည်မှန်းသည်ထက် စီးပွားဖွံ့ဖြိုးတိုးတက်နေမှုများ၊ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီတိုင်းက ပါဝင်ပံ့ပိုးဖြည့်ဆည်းပေးနိုင်သည့် အနေအထားများ၊ ဧရာဝတီတိုင်း၏ ခရိုင်နှင့် မြို့နယ်အလိုက် ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် အခြေအနေများ၊ လက်ရှိ ဖွံ့ဖြိုးမှုအနေအထားထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ခရိုင်နှင့် မြို့နယ်များက ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် နောင်ဖြစ်ပေါ်လာမည့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာ၌ နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ် အခြေခိုင်မာကောင်းမွန်နေအောင် ပြင်ဆင်ဖွဲ့စည်းမှုများကို မိမိတို့ပြုလုပ်လျက်ရှိကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်

ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် ပြည်နယ်၊ တိုင်းအဆင့်ရှိ အဆင့်ဆင့်သော အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများကိုလည်း ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လျက်ရှိရာ ယနေ့ အစည်းအဝေးသို့ တက်ရောက်လာသူများသည် ဧရာဝတီတိုင်းအတွင်း၌ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများအဖြစ် တာဝန်ထမ်းဆောင်နေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ လိုအပ်ချက်အရ အုပ်ချုပ်ရေးအပိုင်း၌ တာဝန်သစ်များကို ပြောင်းလဲထမ်းဆောင်ကြသူများသည် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရမှာ ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ပုံနည်းစနစ်များနှင့် သိသင့်သိထိုက်သည်များကို မကြာမီကပင် ကျင်းပခဲ့သော သင်တန်း၌ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆည်းပူးခဲ့ကြပြီးဖြစ်ကြောင်း။

လမ်းညွှန်ချက်များအဖြစ်ခံယူ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ငန်းဆိုင်ရာ မူဝါဒများကိုလည်းကောင်း လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များအဖြစ် ခံယူ၍ မိမိတို့ တာဝန်ယူရသော နယ်မြေဒေသ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အသီးသီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ စီမံကိန်းများ အောင်မြင်ရေးတို့အတွက် ဦးစီးဦးဆောင်ပြုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်၌ အုပ်ချုပ်ရေးအဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်နေကြခြင်းဖြစ်၍ မိမိ၏ မိခင်ဝန်ကြီးဌာနကိုသာမက ကျန်ဝန်ကြီးဌာန အသီးသီးကိုပါ ကိုယ်စားပြု၍ လုပ်ငန်းများ အောင်မြင်အောင် ထမ်းဆောင်သွားကြရမှာဖြစ်ကြောင်း။

ကြိုးစားလုပ်ကိုင်

မိမိတို့၏ အရည်အသွေးကို လုပ်ငန်းစွမ်းဆောင်မှုဖြင့် ပြနိုင်ရန် လိုအပ်ရာ မိမိတို့ တာဝန်ထမ်းဆောင်ရသည့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း၊ ဒေသခံပြည်သူများကို မိမိတို့၏မိဘ၊ မိမိတို့၏ ဆွေမျိုးသားချင်းများကဲ့သို့ သဘောထားရန်လိုအပ်ကြောင်း။

မိမိတို့၏လုပ်ကိုင်ဆောင်ရွက်မှုများသည် ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်မသွားရအောင်၊ ဝန်ပိသွားမှုမျိုးမဖြစ်အောင် သတိထားလုပ်ကိုင်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ထိထိရောက်ရောက် သယ်ပိုးနိုင်သူများ ဖြစ်ရမှာဖြစ်ကြောင်း။

ထို့အပြင် မြို့နယ်အဆင့်က ရပ်ကွ
လည်းကောင်း၊ ခရိုင်အဆင့်က မြို့နယ်အဆင့်
အချိန်မှန်မှန် ကွင်းဆင်းသွားရောက်ကြရန်
ထိတွေ့သည့်အခါ၌လည်း လိုအပ်သည်မျာ
အကြံဉာဏ်ပေးခြင်း၊ ကူညီပံ့ပိုးခြင်းတို့ပြုရန်

သုံးသပ်တင်ပြ

မိမိအောက်အဆင့် အဖွဲ့အစည်းကို
အောက်အဆင့် အဖွဲ့အစည်းက မှန်မှန်ကန်က
အောင်၊ လုပ်တတ်ကိုင်တတ်အောင် ကူညီလ
ကိုယ်တိုင်လည်း ညှိညှိနှိုင်းနှိုင်း မှန်မှန်ကန်က
အစည်းကိုလည်း မှန်မှန်ကန်ကန် သိရှိနိုင်အေ
ကြရန်ဖြစ်ကြောင်း။

အောက်အဖွဲ့အစည်း၏ တင်ပြချက်နှင့်
ဖြစ်သကဲ့သို့ အထက်အဖွဲ့အစည်းကိုလည်း
မှန်မှန်ကန်ကန် သုံးသပ်တင်ပြကြရန်ဖြစ်ကြေ

မိမိမြို့နယ်၊ မိမိခရိုင်၊ မိမိနယ်မြေ
လုပ်ကိုင်ဆောင်ရွက်ရာ၌ မှတ်တမ်းမှတ်ရာမျ
များ စနစ်တကျပြုစုထားရန်လိုကြောင်း။

သမိုင်းမှတ်တမ်းကော

မိမိတို့၏လုပ်ကိုင်ဆောင်ရွက်မှုများသ
ပြောင်းလဲကျန်ရှိနေသည်ဖြစ်ရာ သမိုင်းမှတ်တ
ကြိုးပမ်းအားထုတ် လုပ်ကိုင်ကြရန်လိုကြောင်

နောင် ပြည်သူတို့က ရွေးချယ်လိုက်သော
တာဝန်များကို လွှဲပြောင်းပေးရာ၌လည်း မှတ်တ
လွှဲပြောင်းပေးသွားမှာဖြစ်၍ ယခုကတည်းကပင်
အခြေအနေများကို စနစ်တကျ မှတ်တမ်းပြုစု

မိမိတို့ တပ်မတော်အစိုးရစတင်တာဝန်ယ
နှင့် ယနေ့ အခြေအနေကို စီးပွားရေး၊ ကျန်း
လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် ကဏ္ဍအလ
နှိုင်းယှဉ်သုံးသပ်သကဲ့သို့ ယနေ့ အုပ်ချုပ်ရေ
ပေးလိုက်သည့် ၂၀၀၆ ခုနှစ် အခြေအနေကိုလ
စသည်ဖြင့် နှစ်အလိုက်ဖြစ်ပေါ်လာမည့် အခြေ
သွားကြရမှာဖြစ်ကြောင်း။

ပိုမိုတိုးတက်အော

သို့မှသာ မိမိတို့၏ ဆောင်ရွက်ချ
ကဏ္ဍအလိုက် အားသာချက်များနှင့် အားနည်
နားလည်သိရှိပြီး ပိုမိုတိုးတက်သည်ထက် တိုးတ
သွားနိုင်မှာဖြစ်ကြောင်း။

နယ်မြေဒေသအလိုက် အုပ်ချုပ်ရေ
ထမ်းဆောင်ရသည့်အချိန်၌ နိုင်ငံတော် ဖွံ့ဖြိ
တိုးတက်အောင်၊ ကုန်ထုတ်လုပ်မှု တိုးတက်
ပေးထားသော ပန်းတိုင်အထွက်နှုန်းများအတို
လာအောင်၊ အလေအလွင့်အနည်းဆုံးဖြစ်
တိုးချဲ့စိုက်ပျိုးပြီး ပို့ကုန်အမယ်သစ်များ ထွက်
လူနေမှုအဆင့်အတန်း မြင့်မားလာအောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ငန်းဆိုင်ရာ မူဝါဒများကိုလည်းကောင်း လုပ်ငန်းဆိုင်ရာ လမ်းညွှန်ချက်များအဖြစ် ခံယူ၍ မိမိတို့ တာဝန်ယူရသော နယ်မြေဒေသအသီးသီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ စီမံကိန်းများ အောင်မြင်ရေးတို့အတွက် ဦးစီးဦးဆောင်ပြုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန်ဖြစ်။

★ နိုင်ငံတော်သ
လက်တန်း လု
ဦးတည်ချက်ရှိ
★ ထို့ကြောင့်
လည်း နိုင်ငံ
မပြတ်စေဘဲ
အညီ လုပ်ငန်း

အဖွဲ့အစည်းကို မှန်မှန်ကန်ကန်တင်ပြ ရင်းဇယားများ စနစ်တကျပြုစုထား

ထို့အပြင် မြို့နယ်အဆင့်က ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်သို့လည်းကောင်း၊ ခရိုင်အဆင့်က မြို့နယ်အဆင့်သို့လည်းကောင်း အမြဲမပြတ် အချိန်မှန်မှန် ကွင်းဆင်းသွားရောက်ကြရန် လိုအပ်ကြောင်း၊ ကွင်းဆင်း ထိတွေ့သည့်အခါ၌လည်း လိုအပ်သည်များကို မေးမြန်းဆွေးနွေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ကူညီပံ့ပိုးခြင်းတို့ပြုရန်ဖြစ်ကြောင်း။

သုံးသပ်တင်ပြ

မိမိအောက်အဆင့် အဖွဲ့အစည်းကို ဝန်မပိစေရန် လိုအပ်သကဲ့သို့ အောက်အဆင့် အဖွဲ့အစည်းက မှန်မှန်ကန်ကန် အရှိအတိုင်း တင်ပြတတ်အောင်၊ လုပ်တတ်ကိုင်တတ်အောင် ကူညီလမ်းပြရမှာဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း ညှိညှိနှိုင်းနှိုင်း မှန်မှန်ကန်ကန် လုပ်ကိုင်ပြီး အထက်အဖွဲ့အစည်းကိုလည်း မှန်မှန်ကန်ကန် သိရှိနိုင်အောင် ဆက်လက် သုံးသပ်တင်ပြကြရန်ဖြစ်ကြောင်း။

အောက်အဖွဲ့အစည်း၏ တင်ပြချက်နှင့် သဘောထားကို လေးစားရမှာဖြစ်သကဲ့သို့ အထက်အဖွဲ့အစည်းကိုလည်း သိသင့်သိထိုက်သည်များကို မှန်မှန်ကန်ကန် သုံးသပ်တင်ပြကြရန်ဖြစ်ကြောင်း။

မိမိမြို့နယ်၊ မိမိခရိုင်၊ မိမိနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရာ၌ မှတ်တမ်းမှတ်ရာများ၊ နှစ်အလိုက် စာရင်းဇယားများ စနစ်တကျပြုစုထားရန်လိုကြောင်း။

သမိုင်းမှတ်တမ်းကောင်း

မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများသည် အတိတ်မှတ်တမ်းများအဖြစ် ပြောင်းလဲကျန်ရှိနေသည်ဖြစ်ရာ သမိုင်းမှတ်တမ်းကောင်းအဖြစ် ကျန်ရှိအောင် ကြိုးပမ်းအားထုတ် လုပ်ကိုင်ကြရန်လိုကြောင်း။

နောင် ပြည်သူတို့က ရွေးချယ်လိုက်သော အစိုးရအဖွဲ့အား တိုင်းပြည်၏ တာဝန်များကို လွှဲပြောင်းပေးရာ၌လည်း မှတ်တမ်းမှတ်ရာများဖြင့် ပြည့်ပြည့်စုံစုံ လွှဲပြောင်းပေးသွားမှာဖြစ်၍ ယခုကတည်းကပင် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများကို စနစ်တကျ မှတ်တမ်းပြုစုထားရန်လိုကြောင်း။

မိမိတို့ တပ်မတော်အစိုးရစတင်တာဝန်ယူသည့် ၁၉၈၈ ခုနှစ် အခြေအနေနှင့် ယနေ့ အခြေအနေကို စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်ဖြင့် ကဏ္ဍအလိုက် တိုးတက်ဖြစ်ပေါ်မှုတို့ဖြင့် နှိုင်းယှဉ်သုံးသပ်သကဲ့သို့ ယနေ့ အုပ်ချုပ်ရေးအပိုင်းကို ပြောင်းလဲတာဝန်ပေးလိုက်သည့် ၂၀၀၆ ခုနှစ် အခြေအနေကိုလည်း ၂၀၀၇ ခုနှစ်၊ ၂၀၀၈ ခုနှစ် စသည်ဖြင့် နှစ်အလိုက်ဖြစ်ပေါ်လာမည့် အခြေအနေများနှင့် နှိုင်းယှဉ်သုံးသပ်သွားကြရမှာဖြစ်ကြောင်း။

ပိုမိုတိုးတက်အောင်

သို့မှသာ မိမိတို့၏ ဆောင်ရွက်ချက်များအရ ဖြစ်ပေါ်လာသည့် ကဏ္ဍအလိုက် အားသာချက်များနှင့် အားနည်းချက်များကို မှန်မှန်ကန်ကန် နားလည်သိရှိပြီး ပိုမိုတိုးတက်သည်ထက် တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း။

နယ်မြေဒေသအလိုက် အုပ်ချုပ်ရေးတာဝန်များကို ယခုကဲ့သို့ ထမ်းဆောင်ရသည့်အချိန်၌ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင်၊ ကုန်ထုတ်လုပ်မှု တိုးတက်အောင်၊ သီးနှံအလိုက်သတ်မှတ်ပေးထားသော ပန်းတိုင်အထွက်နှုန်းများအတိုင်း သီးနှံများ တိုးတက်ထွက်ရှိလာအောင်၊ အလေအလွင့်အနည်းဆုံးဖြစ်အောင်၊ အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ပို့ကုန်အမယ်သစ်များ ထွက်ပေါ်လာအောင်၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာအောင် ကြိုးစားသွားကြစေလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ **နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ဟန်ချက်ညီညီ လက်တွဲပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့ တိုင်းပြည်၏အခြေအနေအရပ်ရပ်မှာ ၁၉၈၈ ခုနှစ် အခြေအနေနှင့်မတူတော့ဘဲ လက်တွေ့မျက်မြင် ပြောင်းလဲတိုးတက်ခဲ့ပြီးဖြစ်။**

☆ **ယခု ပြုပြင်ပြောင်းလဲလိုက်သည့် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့ကလည်း ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုအင်အားကို ခိုင်ခိုင်မာမာ ဆက်လက်ရယူ၍ လုပ်ငန်းများကို ထိရောက်အောင်မြင်လာအောင်၊ တိုးတက်လာအောင် ဆောင်ရွက်ကြရမှာဖြစ်။**

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ဟန်ချက်ညီညီ လက်တွဲပူးပေါင်း လုပ်ကိုင် ဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့ တိုင်းပြည်၏ အခြေအနေအရပ်ရပ်မှာ ၁၉၈၈ခုနှစ် အခြေအနေနှင့် မတူတော့ဘဲ လက်တွေ့မျက်မြင် ပြောင်းလဲ တိုးတက်ခဲ့ပြီးဖြစ်ကြောင်း။

ယခု ပြုပြင်ပြောင်းလဲလိုက်သည့် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့ကလည်း ပြည်သူနှင့်တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုအင်အားကို ခိုင်ခိုင်မာမာ ဆက်လက်ရယူ၍ လုပ်ငန်းများကိုထိရောက် အောင်မြင်လာအောင်၊ တိုးတက်လာအောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ရည်မှန်းချက်ရှိရှိ

နိုင်ငံတော်သစ်ကို တည်ဆောက်ပြုပြင်ရာ၌ မိမိတို့သည် လက်တန်း လုပ်ကိုင်နေခြင်း မဟုတ်ဘဲ ရည်မှန်းချက်ရှိရှိ၊ ဦးတည်ချက်ရှိရှိ လုပ်ကိုင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်ကလည်း နိုင်ငံတော်၏ အမျိုးသားရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ချမှတ်ပေးထားသော ဦးတည်ချက် (၁၂)ရပ်နှင့် အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်သွားကြစေလိုကြောင်း။

စေတနာထား

ဒေသအလိုက် ဦးစီးဦးဆောင် တာဝန်ယူကြသူများ ဖြစ်ကြ၍ တိုင်းပြည်နှင့် ဒေသအပေါ် စေတနာထားကြရန်၊ ပြည်သူများနှင့် တစ်သားတည်း နေထိုင်ဆက်ဆံကြရန်၊ လူသစ်၊ စိတ်သစ်၊ အင်အားသစ် မွေးကြရန်၊ တိုးတက်ပြောင်းလဲလျက်ရှိသော ခေတ်ကြီးနှင့်အညီ အခြားနိုင်ငံများနှင့်အတူ မိမိတို့နိုင်ငံအနေဖြင့် ရင်ပေါင်တန်းလိုက်နိုင်အောင် အမြဲမပြတ် လေ့လာဆည်းပူးမှုများဖြင့် မိမိတို့ကိုယ်ကို ပြုစုပျိုးထောင်နေကြရန် လိုအပ်ကြောင်း။

ရှင်းလင်းမှာကြား

ပါတီစုံဒီမိုကရေစီခေတ်၌ နိုင်ငံတော်၏အုပ်ချုပ်ရေး ခိုင်မာတောင့်တင်းပြီး စနစ်ကျနနေရန် အရေးကြီးကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

☆ **နိုင်ငံတော်သစ်ကို တည်ဆောက်ပြုပြင်ရာ၌ မိမိတို့သည် လက်တန်း လုပ်ကိုင်နေခြင်း မဟုတ်ဘဲ ရည်မှန်းချက်ရှိရှိ၊ ဦးတည်ချက်ရှိရှိ လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်။**

☆ **ထို့ကြောင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်ကလည်း နိုင်ငံတော်၏ အမျိုးသားရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ ချမှတ်ပေးထားသော ဦးတည်ချက် (၁၂)ရပ်နှင့် အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်သွားကြစေလို။**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇–၁၁–၂၀၀၆ (တနင်္လာနေ့)

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း (၈) ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ

၈:၁၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈:၂၀ ၇။ အဆိုပြိုင်ပွဲ

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Easy.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)

၅:၀၀ ၅။ အကပဒေသာ

၅:၁၀ ၆။ မြန်မာစာ မြန်မာစကား

၅:၂၅ ၇။ **“စည်းကမ်းလိုက်နာ ဘေးကင်းကွာ” (လူကူးမျဉ်းကျားမှကူးမယ်)**

၅:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ

၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၆:၀၀ ၁၀။ ညနေခင်းသတင်း

၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “တောတွင်းသားငယ်လေး” (အပိုင်း–၂၉)**

၆:၅၀ ၁၃။ အလှူရှာမယ်လှူကမ္ဘာဝယ်

၇:၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ခြင်းနှင့်အတူ” (အပိုင်း–၂၁)**

၈:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “တကယ်သဘောကျတယ်” (အပိုင်း–၃)**

၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

❀ ကျောဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟိုကပ်ကျေးရွာသို့ ရောက်ရှိကြပြီး ဧရာဝတီမြစ်ရေစီးဆင်းမှု အခြေအနေနှင့် လမ်းအူကြောင်းများ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးကောင်းချောင်းကူး နန့်တိန်းလုံတံတားသို့ ရောက်ရှိကြပြီး တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ မိုးကောင်းချောင်းကူး နန့်တိန်းလုံတံတားသည် အရှည် ၄၆၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၃ပေရှိ ရေပေါ်သံဖောင်တံတားဖြစ်ပြီး ခံနိုင်ဝန်အားမှာ ငါးတန်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား တံတားအနီးရှိ ရှင်းလင်းဆောင်၌ တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းသန်းက နန့်တိန်းလုံတံတားတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် အကျဲ-ဆင်ဘိုလမ်းပိုင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဗိုလ်မှူးကြီးခင်မောင်ချိုက ဟိုပင်-ဆင်ဘိုလမ်းပိုင်း တစ်ကြောင်းထိုးလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဗိုလ်မှူးကြီးသက်ဝေက မြို့လှ-အမတ်ကြီးကုန်း-ပိန်းခွန်ယန်-ဆင်ဘို လမ်းပိုင်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ခရိုင်ချင်းဆက်လမ်းဖြစ်သည့် မြစ်ကြီးနား-ဆင်ဘိုလမ်းပိုင်းနှင့် ဖားကန့်-တာမခံ-ဆယ်ဇင်းလမ်း၊ ဖားကန့် (၈)မိုင်လမ်းပိုင်းတို့ဖောက်လုပ်ပြီးစီးမှု အခြေအနေနှင့်လမ်းပိုင်း အဆင့်မြှင့်ပြုပြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဖောက်လုပ်ပြီးစီးသည့် ခရိုင်ချင်းဆက်လမ်း တစ်ကြောင်းထိုးလမ်းပိုင်းများကို ရာသီမရွေးသွားလာနိုင်သောလမ်းများ ဖြစ်ရန်လိုကြောင်း၊ ကျေးရွာ အဝင်၊ အထွက် လမ်းပိုင်းများတွင်လည်း စနစ်တကျဆောင်ရွက်ရေး၊ လိုအပ်သောနေရာများတွင် သစ်သားတံတားငယ်များဆောက်လုပ်ရေးနှင့် တစ်နှစ်ပတ်လုံးသွားလာနိုင်မည့်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆင်ဘို-အကျဲ၊ အကျဲ-မြစ်ကြီးနား လမ်းဆုံသို့ ပြန်လည်ရောက်ရှိပြီး လမ်းပိုင်းအခြေအနေနှင့် သုံးဘီးမော်တော်ဆိုင်ကယ်များဖြင့် ခရီးသည်များအား ပို့ဆောင်သွားလာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာရှိ ဧက ၁၅၀၀ အောင်မြေရော်ဘာခြံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခြံပိုင်ရှင် ဦးကော်ကြည်ချင်းက ရော်ဘာစိုက်ပျိုးမည့် ဧက ၁၅၀၀ တွင် ၆၃၅ ဧက စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးထားသည့် ပျိုးပင်အမျိုးအစား၊ ရော်ဘာထုတ်လုပ်ရောင်းချမှုနှင့် ရော်ဘာအထွက်နှုန်းတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်းပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားကာ ရော်ဘာမျိုးစေ့များ၊ ညပိုင်း ရော်ဘာစေးခြစ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ ရော်ဘာကြိတ်ပြားများကိုလည်းကောင်း၊ ရော်ဘာပင်မှ ရော်ဘာစေးများခြစ်ယူမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်မြေရော်ဘာခြံအတွင်းရှိ ခရမ့် (Crumb) ရော်ဘာကြိတ်စက်ရုံ၌ ရော်ဘာပြားများထုတ်လုပ်မှုအဆင့်ဆင့်ကိုကြည့်ရှုစစ်ဆေးပြီး မြစ်ကြီးနားမြို့သို့ ရောက်ရှိကာ ညအိပ်ရပ်နားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ရန်ကုန်ကလေးဆေးရုံကြီးသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်ပွဲ၊ ကြက်ဆူပင်စိုက်ပျိုးပွဲ၊ သွေးလှူဒါန်းပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲများကို ယနေ့နံနက် ၆ နာရီခွဲတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ရန်ကုန် ကလေးဆေးရုံကြီးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (မြို့တော်စည်ပင်)

အခမ်းအနားတွင် ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်က မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်က ဦးဆောင်၍ ရန်ကုန်ကလေးဆေးရုံကြီးဝင်းအတွင်း လုပ်ကွက်ခြောက်ကွက်ခွဲကာ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများသည် ကလေးဆေးရုံကြီးဝင်းအတွင်း ခြံစည်းရိုးကြက်ဆူပင် ၂၅၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုပြီး မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက ကြက်ဆူပင်များ အမှတ်တရ စိုက်ပျိုးပေးကြသည်။

ထို့နောက် မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရန်ကုန်ကလေးဆေးရုံကြီး သွေးလှူဘဏ်သို့ သွားရောက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင် ၄၀ တို့ စုပေါင်းသွေးလှူဒါန်းနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ရန်ကုန်ကလေးဆေးရုံကြီးသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ကျင်းပရာ အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သည့်အနေဖြင့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဆေးရုံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်အားပေးပွဲနှင့် အလှူငွေပေးအပ်ပွဲတို့ကို ၂၀၀၅ ခုနှစ် နိုဝင်ဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခု ရန်ကုန်ကလေးဆေးရုံကြီး အပါအဝင် ဆေးရုံ ၁၄ ရုံ ရှိခဲ့ပြီဖြစ်ကြောင်း၊ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသည့် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်ကလေးဆေးရုံကြီးအတွက် ငွေပဒေသာပင်များကို စိုက်ထူလှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် နှစ်သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့ချုပ် နာယက ဒေါ်မာမာဝေက ငွေကျပ် နှစ်သိန်း၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးဆိုင်) က ငွေကျပ် သုံးသိန်းသုံးထောင်၊ ဦးရဲအောင်၊ ဒေါ်လှဲ့လှဲ့ဝင်း၊ (သီရိကုဋေကြွယ်ကုမ္ပဏီ) က ငွေကျပ် နှစ်သိန်းခြောက်ထောင်၊ ဗိုလ်မှူးချုပ်စည်သူတင်ဖေ (ငြိမ်း)၊ ဒေါ်သိန်းဆိုင် (မမြလေးမိသားစု)က ငွေကျပ်တစ်သိန်း၊ သုခစုစံမိသားစုကုမ္ပဏီ၊ ဘုရင့်နောင် ပွဲရုံသာယာရေးကော်မတီ၊ ဆိပ်ကမ်းမြို့နယ် ဦးသိန်းထွန်း (ကုန်သည်)နှင့် ကမာရွတ်မြို့နယ် ဦးမျိုးဆွေ၊ ဒေါ်မြရှင် (ပုလဲရတနာရောင်းဝယ်ရေး)က ငွေကျပ် နှစ်သိန်းစီ၊ ဦးအောင်သန်းဦး (ဥက္ကဋ္ဌ) မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ ဦးတင်ဝင်း (ဥက္ကဋ္ဌ) မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဦးလှအောင်-ဒေါ်သီဂီနိုင် (ရွှေနဂါးဘုရင်နံ့သာဖြူအမွှေးတိုင်လုပ်ငန်း) ဗဟန်းမြို့နယ် ဦးအောင်သန်းမြင့် (စူပါပါဝါကုမ္ပဏီ)၊ သျှင်ပါကူ အထူးကုဆေးခန်း၊ လှိုင်မြို့နယ်အမှတ် (၁)ရပ်ကွက် နေ ဦးခင်မောင်အေး၊ ဦးသန်းအောင် (၉) ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးတင်ဦး ဒေါ်လှမြင့် (ရွှေစင်ရတနာရွှေဆိုင်)၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးချင့်စိန်-ဒေါ်မြငြိမ်း (အောင်သိန်းသစ်ဆိုင်)၊ အလုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ ဦးမောင်မြင့် အတွင်းရေးမှူး မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်း၊ ဒေါ်မေသန်းနွယ် (သီဂီရွှေရည် ဓာတ်ပုံတိုက်)၊ ပါမောက္ခဒေါက်တာ ဒေါ်မြအုန်း၊ ပါမောက္ခဒေါက်တာဒေါ်ခင်ဝင်းသန်း၊ ဦးသူရိန်မြင့်၊ ဒေါ်စန္ဒာတင်ထွန်းနှင့် နှင်းဆီဆေးဆိုင်တို့က အလှူငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင် ၃၇ ဦးတို့က ငွေကျပ် ၄၅၅၄၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်၊ ကလေးဆေးရုံအုပ်ကြီး ဒေါက်တာ ချစ်ကိုတင်နှင့် ဆေးရုံအုပ်ဒေါက်တာ ဒေါ်အေးမြမိုးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ လက်ထောက်ဌာနမှူး ဦးကျော်စိုးက အမှိုက်ပုံးနှင့် အမှိုက်အိတ်များ လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ထို့နောက် ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်က ရန်ကုန်ကလေးဆေးရုံကြီး ဝန်ထမ်းများ၏ အသင်းဝင်အဆိုပြုလွှာ ၂၀၁ စောင်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးထံ ပေးအပ်ပြီး ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကျဉ်းသားများကို ကိုလိုနီခေတ်ကကဲ့သို့ ချုပ်နှောင်ထားခြင်းမရှိ စည်းကမ်းနှင့်ညီညွတ်သူများအား ပြင်ပအလုပ်စခန်းများ၌ တာဝန်ပေးထား

ရန်ကုန် နိုဝင်ဘာ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေးမြို့)၏ တပ်သားအဆင့် အခြေခံသင်တန်း အမှတ်စဉ် (၂၄)ဆင်းပွဲကို မန္တလေးမြို့ ဗဟိုအကျဉ်းထောင်ရှိ သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ထောင်အုပ်စု ညွှန်ကြားရေးမှူး ဦးညီစိုးနှင့် ဦးစီးအရာရှိများ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ မန္တလေး ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြသွင်၊ မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူး၊ ကျောင်းအုပ်ကြီး ဦးမြင့်ဆွေနှင့် နည်းပြများ၊ သင်တန်းဆင်းများ၏ မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာအကျဉ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ထား၍ တာဝန်ထမ်းဆောင်ကြရန်၊ ဦးတည်ချက်(၁၂)ရပ်ကိုမပြတ်လေ့လာဆည်းပူးရန်၊ ဌာန၏ ဂုဏ်သိက္ခာကို စောင့်ထိန်းရန်လိုကြောင်း၊ အကျဉ်းဦးစီးဌာနသည် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်ပြည်ထဲရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရကြောင်း၊ ယခင်စနစ်ဟောင်းကကဲ့သို့ နယ်ချဲ့ကိုလိုနီ၏ လက်ကိုင်တုတ်ဘဝဖြင့် ပြည်သူလူထုကို ညှဉ်းပန်းနှိပ်စက်သည့်ဌာန မဟုတ်တော့ဘဲ အကျင့်စရိုက်ဆိုးများဖျောက်ပြီး ပြည်သူလူထု၏ အကျိုးစီးပွားနှင့် တိုင်းကျိုးပြည်ပြု လုပ်ငန်းများ၌ နေ့မအား၊ ညမနား ပါဝင်ဆောင်ရွက်နေကြောင်း၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အစဉ်ဦးထိပ်ပန်ဆင်ရင်း အကောင်အထည်ဖော်ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ယခုအခါ အကျဉ်းထောင်၌ ထိန်းသိမ်းထားရှိသည့် အကျဉ်းသား၊ အချုပ်သားများ၏ စားသောက်ရေးကို မိမိအစီအစဉ်ဖြင့် ကျွေးမွေးနိုင်ရေး ဆောင်ရွက်ရန်ဖြစ်ပြီး နိုင်ငံတော်က တာဝန်ပေးအပ်လာသည့် စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နေပြီ ဖြစ်ကြောင်း၊ အကျဉ်းသားများကို ကိုလိုနီခေတ်ကကဲ့သို့ အကျဉ်းထောင်ထဲ၌ ချုပ်နှောင် ထိန်းသိမ်းထားခြင်းမျိုးမရှိတော့ဘဲ သတ်မှတ်စည်းကမ်းနှင့် ညီညွတ်သူများအား လူ့ဘောင်၊ လူ့လောကနှင့် နီးစပ်သည့် ပြင်ပအလုပ်စခန်းများ၌ ထုတ်နုတ်တာဝန်ပေးပြီး လုပ်ဆောင်နေကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ဆုချီးမြှင့်

ထို့နောက် သင်တန်းတွင် အကောင်းဆုံး စံပြကျောင်းသားဆုရ ကသ (၃၉) ဆန်းဝင်းထွန်းနှင့် ထူးချွန်ဆုရရှိသူများအား ညွှန်ကြားရေးမှူးချုပ်က ဆုများကို ချီးမြှင့်သည်။

၁၇ ပတ်ကြာ

အဆိုပါ သင်တန်းသို့ အကျဉ်းဦးစီးဌာန အကျဉ်းထောင်၊ အလုပ်စခန်းများမှ သင်တန်းသား ၅၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၇ ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကျဉ်း ဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်း (မန္တလေးမြို့) ၏ တပ်သားအဆင့် အခြေခံသင်တန်း အမှတ်စဉ် (၂၄) ဆင်းပွဲတွင် အကျဉ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းအကောင်းဆုံးစံပြကျောင်းသားဆုရ ကသ(၃၉) ဆန်းဝင်းထွန်း အား ဆုချီးမြှင့်စဉ်။ (အကျဉ်းဦးစီး)

သီတဂူအရှင်ဒေဝိန္ဒာဘိဝံသ အထူးတရားပွဲ

ရန်ကုန် နိုဝင်ဘာ ၂၆

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ သက်ျသီဟ သာမဏေကျော် သာသနာ့ဓဇ ဓမ္မာစရိယ သကျသီဟဓမ္မာစရိယ သီတဂူ အရှင်ဒေဝိန္ဒာဘိဝံသ အရှင်မြတ်သည် နိုဝင်ဘာ ၂၇ ရက်တွင် ဘုတလင်မြို့နယ် အလှူတရားပွဲ၊ ၂၈ ရက်တွင် မန္တလေးမြို့ ရှမ်းကလေးကျွန်းတရားပွဲ၊ ၂၉ ရက်တွင် ငါးသယောက်မြို့အလှူပွဲ၊ ဒီဇင်ဘာ ၁ ရက်တွင် ပြည်မြို့ ဗာရာဏသီကျောင်း ဝိနည်းစာပြန်ပွဲ ၂၊ ၃ ရက်တွင် ကွမ်းခြံကုန်းမြို့ မလွန်ဆန်လှူပွဲ၊ ၄ ရက်တွင် စစ်ကိုင်းမြို့ တောင်ရင်းရွာဘုရားထီးတင်ပွဲ၊ ၆ ရက်တွင် ဝက်လက်မြို့ အလှူပွဲ၊ ၉ ရက်တွင် ရန်ကုန်မြို့ ဘုရားဖြူစာတော်ပြန်ပွဲ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး သီတဂူကမ္ဘာ့ဗုဒ္ဓ သာသနာပြု တက္ကသိုလ် ဖုန်း-၀၇၂-၂၂၂၆၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများ ပလီနှင့် ပုဂံ-ညောင်ဦး-ပုပ္ပားဒေသများသို့ သွားရောက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၏ ဇနီး ဒေါ်မြတ်ငွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၄ ရက်မှ ယနေ့အထိ ရခိုင်ပြည်နယ်ပလီနှင့် မန္တလေးတိုင်း ပုဂံ-ညောင်ဦး-ပုပ္ပားဒေသများသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့ နာယက အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး Colonel, Yayat Hidayat ခေါင်းဆောင်သော စစ်သံမှူးများနှင့် မိသားစုများသည် နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်များဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ရခိုင်ပြည်နယ် သံတွဲလေဆိပ်သို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိကြရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့်ဇနီး ဒေါ်ကျေးကျေးစံ၊ သံတွဲခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရခိုင်ရိုးရာယဉ်ကျေးမှုအကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် Aureum Palace Hotel ၌ တည်းခိုခဲ့ပြီး ညနေပိုင်းတွင် ပလီကမ်းခြေ၌ အပန်းဖြေအနားယူကြသည်။

ညပိုင်းတွင် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့်ဇနီးတို့က နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများအား Amazing Holidays Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် သံတွဲဖျော်ဖြေရေးအဖွဲ့က ရခိုင်ရိုးရာယဉ်ကျေးမှုအကများ၊ ဆိုး၊ က၊ ရေး၊ တီး ပြိုင်ပွဲ၌ ဆုရကျောင်းသူ ကျောင်းသားများက အဆိုအက၊အတီးအမှုတ်များဖြင့် ဧည့်ခံဖျော်ဖြေကြရာ ကာကွယ်ရေးဝန်ကြီးဌာန စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၏ ဇနီး ဒေါ်မြတ်ငွေက ဂုဏ်ပြုပန်းခြင်းနှင့် ဆုချီးမြှင့်ငွေများကို လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယက အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး Colonel, Yayat Hidayat ကဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်အား နိုင်ငံခြားစစ်သံမှူးများအဖွဲ့ နာယကက အမှတ်တရ လက်ဆောင်ပစ္စည်းကိုပေးအပ်ပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်ကလည်း နိုင်ငံခြားစစ်သံမှူးများအဖွဲ့နာယကနှင့် စစ်သံမှူးများနှင့် မိသားစုများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပုဂံ-ညောင်ဦးသို့ ဆက်လက်ထွက်ခွာရန် အတွက် သံတွဲလေဆိပ်သို့ ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား စစ်သံမှူးများနှင့် မိသားစုများသည် အထူးလေယာဉ်များဖြင့် သံတွဲလေဆိပ်မှ ထွက်ခွာလာကြရာ မန္တလေးတိုင်း ပုဂံ-ညောင်ဦး လေဆိပ်သို့ နံနက် ၉ နာရီတွင် ရောက်ရှိကြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ပုပ္ပားဒေသသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး Popa Mountain Resort Hotel ၌ နေ့လယ်စာ သုံးဆောင်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ပုဂံသို့ရောက်ရှိကြပြီး ညနေပိုင်းတွင် ပုဂံနန်းမြင့်မျှော်စင်ပေါ်မှ ပုဂံမြို့၏ ညနေခင်းဆည်းဆာအလှကို ကြည့်ရှုခံစားကြပြီး နေဝင်ချိန်ရှုခင်းအလှကိုလည်း အမှတ်တရဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၏ဇနီး ဒေါ်မြတ်ငွေက မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၏ ဇနီးတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ရွှေစည်းခုံစေတီတော်အား သွားရောက် ဖူးမြော်ကြည်ညိုကြကာ အမှတ်တရပစ္စည်းများကို ဝယ်ယူကြသည်။

ညပိုင်းတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးကြီးဘုန်းမော်ရွှေက မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများအား ပုဂံမြို့ရှိ Sunset Garden Restaurant၌ ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံပြီးလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းမိသားစု၏ ယွန်းထည်ဆိုင်တွင် မြန်မာ့ ရိုးရာအနုပညာလက်ရာများကို ကြည့်ရှုလေ့လာဝယ်ယူကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများနှင့် မိသားစုများသည် ပုဂံမြို့ရှိ ရှေးဟောင်းစေတီပုထိုးများနှင့် ပုဂံရှုခင်းအလှများကို ကြည့်ရှုလေ့လာကြပြီး နံနက်၁၁နာရီတွင် ပုဂံ-ညောင်ဦးလေဆိပ်မှ အထူးလေယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းဆက်ကပ်မည်

ရန်ကုန် နိုဝင်ဘာ ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ကျောက်လုံးတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကို သုံးနှစ်တကြိမ်ကျင်းပခဲ့ရာ ယခုနှစ် (၁၃၆၈ခုနှစ် နတ်တော်လပြည့်) ဒီဇင်ဘာ ၄ ရက်တွင် ကျိုက်ထီးရိုးရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အစဉ်အလာအရ ကျောက်လုံးတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းကို တပေါင်းလပြည့်နေ့တွင် ဆက်ကပ်ပူဇော်ခြင်းဖြစ်သော်လည်း ဘုရားဖူးရဟန်းရှင်လူများနှင့် အလှူရှင်များကြည်ညိုစွာ ဖူးမြော်နိုင်ရန် ယခုပွဲလင်းကာလ လေးလစော၍ ရောင်တော်ဖွင့်ပြီး လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများအဖွဲ့ နာယက အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး Colonel Yayat Hidayat ခေါင်းဆောင်သော စစ်သံမှူးများနှင့် မိသားစုများ ပုဂံရှေးဟောင်းသုတေသန ပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် နိုဝင်ဘာ ၂၆

သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပင်မဆောင်၌ဆက်လက်ကျင်းပပြီး နံနက်ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ညီလာခံသို့ တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်၊ တိုင်းရင်းဆေးကောင်စီဝင် သမားတော်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ အသင်းဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ ညီလာခံကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညီလာခံတွင် သဘာပတိအဖြစ် တိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးကောင်စီဝင်များဖြစ်ကြသော ဦးသန်းညွန့်နှင့် ဦးငွေမြင့်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းမှ ဦးကြည်နှင့် ကချင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးစိုးမင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးစိုးဝင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အဆိုပြုချက် (၅)ဖြစ်သည့် "မြန်မာ့တိုင်းရင်းဆေးလောက၏ ဂုဏ်သိက္ခာညှိုးနွမ်းစေနိုင်သည့် စာပေနှင့် ဆေးဝါးကြော်ငြာရေးသားဖော်ပြချက်များကို တိုင်းရင်းဆေးဆရာများနှင့် ဆေးဝါးထုတ်လုပ်သူများက စောင့်စည်းထိန်းသိမ်းရေး" ကို စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့မှ ညီလာခံကိုယ်စားလှယ် ဦးစိုးမြင့်က အဆိုပြုတင်သွင်းရာ စွမ်းအင်ဝန်ကြီးဌာနမှ ညီလာခံကိုယ်စားလှယ် ဦးတင်ထွဋ်က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ အဆိုပြုချက်(၆) ဖြစ်သည့် **"မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် အရည်အသွေးထိန်းသိမ်းရေးကို စနစ်တကျတိုးမြှင့်ဆောင်ရွက်ရေး"** ကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ညီလာခံကိုယ်စားလှယ် ဒေါက်တာသော်ဇော်က အဆိုပြုတင်သွင်းရာ မွန်ပြည်နယ် ကျိုက်ထိုမြို့မှ ညီလာခံကိုယ်စားလှယ် ဦးခင်ဝင်းက ထောက်ခံဆွေးနွေးသည်။

ထို့နောက် အဆိုပြုချက်(၇) ဖြစ်သည့် **"မြန်မာ့ တိုင်းရင်းဆေးဆရာတို့၏ အရည်အသွေးနှင့်ခံယူချက် ပိုမိုမြင့်မားရေးအတွက် တိုင်းရင်းဆေးဆရာများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး"** ကို ရှမ်းပြည်နယ် တောင်ကြီးမြို့မှ ညီလာခံကိုယ်စားလှယ် ဦးကံစိုးက အဆိုပြုတင်သွင်းရာ တနင်္သာရီတိုင်း ထားဝယ်မြို့မှ ညီလာခံကိုယ်စားလှယ် ဒေါ်အေးအေးသန်းက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံက ချမှတ်မည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ သဘာပတိက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ ပေးပို့သော သဝဏ်လွှာကို သတ္တမအကြိမ် တိုင်းရင်းဆေးသမားတော်များ ညီလာခံက မှတ်တမ်းတင်ကြောင်းနှင့် သဝဏ်လွှာတွင်ပါရှိသော ဩဝါဒမိန့်မှာချက်များကို တိုင်းရင်းဆေးသမားတော် အသီးသီး၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးသွားရန်၊ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြောကြားခဲ့သည့် အဖွင့်မိန့်ခွန်းကို ညီလာခံက မှတ်တမ်းတင်ကြောင်းနှင့် တိုင်းရင်းဆေးသမားတော် အသီးသီး၏ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူလိုက်နာကျင့်သုံးသွားရန် ဆုံးဖြတ်ကြောင်းကြေညာသည်။

ဆက်လက်၍သဘာပတိက ညီလာခံသို့ တက်ရောက်လာကြသူများ၏ ဆန္ဒသဘောထားကိုရယူပြီး သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် တင်သွင်းသည့် အဆိုပြုချက်(၇)ရပ်ကို ရှေ့လုပ်ငန်းစဉ်အဖြစ် အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး နံနက်ပိုင်းတွင် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

ပြခန်းများကြည့်ရှု

နိုဝင်ဘာ ၂၆ ရက်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ပြုလုပ်သည့် မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဒုတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေး၌ ခင်းကျင်းပြသထားသည့် ပြခန်းများအား မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ ကြည့်ရှုစဉ်။ (ဓာတ်ပုံ-ကုန်သည်/စက်မှု)

တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

၂၀၀၆ ခုနှစ် (၄၅)ကြိမ်မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကိုသတ်မှတ်ထားသည့်နေရာများ၌ ညနေပိုင်းတွင်ဆက်လက်ကျင်းပရာ (က)အုပ်စု ရတခဇုန်(မော်လမြိုင်)၌ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်အသင်းကို၁ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု တပခဇုန်(တောင်ငူ)၌အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခဇုန်(မန္တလေး)၌တပ်မတော်(လေ)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊(င)အုပ်စု ရကတဇုန်(ရန်ကုန်)၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်အသင်းကိုလေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲပြီးစီး ရန်ကုန်တိုင်းအမျိုးသား၊အမျိုးသမီးဗိုလ်စွဲ

ရန်ကုန် နိုဝင်ဘာ ၂၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲ ဒုတိယနေ့(နောက်ဆုံးနေ့) ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က တံခွန်စိုက်ဒိုင်းများ ဆွတ်ခူးရရှိသွားသည်။

ဒုတိယနေ့ပွဲစဉ်အဖြစ် ပွဲစဉ်ပေါင်း ၁၄ ပွဲ ကျင်းပခဲ့ရာ အမျိုးသမီးပွဲစဉ်တွင် ရန်ကုန်တိုင်းမှ ကြည်ကြည်ဝင်းက စံချိန်သစ်တစ်ခု တင်နိုင်ခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က စံချိန်သစ်တင်ခဲ့ကြသော ခင်ချမ်းသာ(မန္တလေး)၊ ကြည်ကြည်ဝင်း (ရန်ကုန်)နှင့် စထွန်းဝင်းဦး (ရန်ကုန်)တို့ကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အကောင်းဆုံး ရေကူးအားကစားသမားဆုရ အမျိုးသား- စထွန်းဝင်းဦး(ရန်ကုန်)နှင့် အမျိုးသမီး- ကြည်ကြည်ဝင်း(ရန်ကုန်) တို့အား ဆုတံဆိပ်နှင့် ငွေကျပ်နှစ်သောင်းကိုလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် အမှတ်(၁၁၉)မှတ်ဖြင့် ပထမရရှိသည့် ရန်ကုန်တိုင်းအသင်းနှင့် အမျိုးသား ပြိုင်ပွဲတွင် ရမှတ်(၁၄၃)မှတ်ဖြင့် ပထမရရှိသည့် ရန်ကုန်တိုင်းအသင်းတို့အား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေကျပ်တစ်သိန်း ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့မှာ တံခွန်စိုက်ဒိုင်းကြီးအား သုံးနှစ်ဆက်တိုက် ဆွတ်ခူးရရှိသွားခြင်းဖြစ်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ အမျိုးသား ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း အသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ် ချီးမြှင့်စဉ်။

(ကြေးမုံ)

နာမည်ကြီး မန်ယူနှင့် ချယ်လ်ဆီး တစ်ဂိုးစီဖြင့် သရေကျသွား

လန်ဒန် နိုဝင်ဘာ ၂၆

အင်္ဂလိပ် ပရီမီယားလိဂ်ဘောလုံးပွဲစဉ်အဖြစ် မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့သည် ယနေ့ညနေပိုင်းက မန်ချက်စတာ ယူနိုက်တက်အသင်း၏ ကွင်းဖြစ်သည့် အိုးလ်ထရက်ဖို့ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီဖြင့် သရေကျသွားသည်။

မန်ချက်စတာ ယူနိုက်တက်အသင်းအတွက် ဂိုးကို ၂၉ မိနစ်တွင် လူးဝစ်ဆာဟာက သွင်းယူပြီး ချယ်လ်ဆီးအသင်းအတွက် ချေပဂိုးကို မိနစ် ၇၀၌ နောက်ခံလူ ကာဗယ်လ်ဟိုက ခေါင်းတိုက်သွင်းယူသည်။ (ကြေးမုံ)

အင်တာနက် အားကစား သတင်းများ



မန်ချက်စတာ ယူနိုက်တက် အသင်း၏ တိုက်စစ်မှူး ဝိန်းရူနီ။
(ဓာတ်ပုံ-အင်တာနက်)

ဝိန်းရူနီ မန်ယူတွင် သက်တမ်းတိုး

မန်ချက်စတာ နိုဝင်ဘာ ၂၆

မန်ချက်စတာ ယူနိုက်တက်အသင်း၏ တိုက်စစ်မှူး ဝိန်းရူနီသည် လက်ရှိကန်ထရိုက်သက်တမ်းကို နှစ်နှစ်တိုးချဲ့သည့် သဘောတူညီချက် တစ်ရပ်ကို စနေနေ့တွင် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။ ၎င်းသည် ၂၀၁၂ခုနှစ်အထိ မန်ချက်စတာယူနိုက်တက်အသင်းတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက် (၂၁) နှစ်အရွယ်ရှိ ရူနီသည် ယခင်ချုပ်ဆိုထားပြီးဖြစ်သော ကန်ထရိုက်စာချုပ်အရ ၂၀၁၀ပြည့်နှစ်အထိ မန်ယူအသင်းတွင် ပါဝင်ကစားရန် သဘောတူညီခဲ့သည်။ သက်တမ်းတိုးချဲ့သည့်စာချုပ်အရ ၎င်းသည် လာမည့် ခြောက်နှစ်ထက်မနည်း ယင်းအသင်းတွင် ဆက်လက်ရှိနေမည်ဖြစ်သည်။

အဲဗာတန်အသင်း၏ ဘောလုံးသမားဟောင်းဖြစ်သူ ဝိန်းရူနီသည် မန်ယူအသင်းအတွက် ပွဲပေါင်း ၁၀၅ ပွဲ ကစားခဲ့ရာ၌ ဂိုးပေါင်း ၄၀ သွင်းယူခဲ့သည်။

အင်တာနက်။

အင်ဒရူးဂျွန်ဆင် ဘောလုံးမကစားနိုင်

လန်ဒန် နိုဝင်ဘာ ၂၆

အင်္ဂလန်တိုက်စစ်မှူး အင်ဒရူးဂျွန်ဆင်သည် တံကောက်ကြောထိခိုက်ဒဏ်ရာရရှိထားသဖြင့်မည်သည့်အချိန်တွင် ဘောလုံးကစားနိုင်မည်ကို မိမိအတိအကျ မသိရသေးကြောင်း အဲဗာတန်အသင်းမန်နေဂျာ ဒေးဗစ်မိုယက်စ်က ယနေ့ ပြောကြားသည်။

အဲဗာတန်အသင်းတွင်အားထားရသော ကွင်းလယ်ကစားသမား တင်ကာဟီးလ်မှာလည်း ဒူးခေါင်းအရွတ် ထိခိုက်ဒဏ်ရာရရှိထားသဖြင့် ခရစ္စမတ်နှစ်သစ်ကူးပွဲတော်ကျင်းပချိန်အထိ ဘောလုံးကစားနိုင်မည်မဟုတ်ကြောင်း မိုယက်စ်က ပြောကြားသည်။

လက်ရှိဘောလုံးရာသီတွင် အဲဗာတန်အသင်းရရှိသော ၂၄ဂိုးအနက်ခုနစ်ဂိုးမှာ ကာဟီးလ်၏ဂိုးများဖြစ်ပြီးခြောက်ဂိုးမှာမူဂျွန်ဆင်၏ ဂိုးများဖြစ်သည်။

အင်တာနက်။

နယူးကာဆယ်အသင်းက ပို့စ်မောက်ကို အနိုင်ရ

လန်ဒန် နိုဝင်ဘာ ၂၆

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာ စိန့်ဂျိမ်းပါ့စ်ကွင်းတွင် နယူးကာဆယ်အသင်းက ပို့စ်မောက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသည်။

နယူးကာဆယ်အသင်း၏ အနိုင်ဂိုးကို ပွဲချိန် ၆၉မိနစ်တွင် အင်တိုနီဆီဘာစကီးကသွင်းယူသည်။ နယူးကာဆယ်အသင်းသည် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင်ကိုးပွဲဆက်တိုက် အနိုင်မရရှိသည့် အခြေအနေမှာ ယနေ့ပွဲအပြီးတွင် အဆုံးသတ်သွားသည်။

အင်တာနက်။

MSP ကုန်ပစ္စည်းများ၏ စွမ်းရည်သရုပ်ပြရှင်းလင်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၆

ပန်းတိုင်သစ်ကုမ္ပဏီလီမိတက်၏ အရည်အသွေးမြင့် နောက်ဆုံးပေါ် မော်လီကျူးနည်းပညာဖြင့် ထုတ်လုပ်သော Molecular Science Products (MSP) ကုန်ပစ္စည်းများ၏ စွမ်းရည်သရုပ်ပြ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဂရင်းမီးရထားဟိုတယ်၌ကျင်းပရာ ပန်းတိုင်သစ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်ယဉ်ယဉ်နွဲ့ (အောက်ပုံ)**က မိတ်ဆက်စကားပြောကြား၍ Technical Advisor, Mr. Vass Avarm က အရည်အသွေးမြင့်နောက်ဆုံးပေါ် မော်လီကျူးနည်းပညာဖြင့်ထုတ်လုပ်သော Molecular Science Products (MSP) ကုန်ပစ္စည်းများအကြောင်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းသည်များကို Technical Advisor, Mr. Vass Avarmနှင့် ပန်းတိုင်သစ်ကုမ္ပဏီလီမိတက်မှ Mr. James Poo တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။**

ပန်းတိုင်သစ် ကုမ္ပဏီလီမိတက်က တင်သွင်းသော MSP Engine Treatment ပစ္စည်းသည် အင်ဂျင်ပွန်းစားမှုဒဏ်ကို ၉၅ ရာခိုင်နှုန်း ကာကွယ်နိုင်ခြင်းကြောင့် နာဆာ (NASA)မှ အာကာသ လွန်းပျံယာဉ်များ၊ စစ်ဘက်ဆိုင်ရာယာဉ်များ၊ ကား၊ ရထား၊ သင်္ဘောအစရှိသော သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ယန္တရားကြီးများ၌ သုံးရသော စက်မှုလုပ်ငန်းကြီးများတွင် အသုံးပြုနေကြပြီး MSPအင်ဂျင်ဆီကို

အပူပိုင်းနှင့် အအေးပိုင်းဒေသများတွင်ပါ သုံးနိုင်၍ အပူချိန်အနုတ်(၅၀) ဒီဂရီစင်တီဂရိတ်အထိ အေးသောအချိန်များတွင်ပင် အလွယ်တကူစက်နှိုးနိုင်သည်။

MSP အင်ဂျင်ဆီကိုအသုံးပြုပါက အင်ဂျင်သက်တမ်း သုံးဆထိ ပိုမိုရှည်ကြာစွာသုံးစွဲနိုင်ပြီး သာမန်အင်ဂျင်ဆီကိုးဆနှင့် MSPအင်ဂျင်ဆီတစ်ဆ ရောစပ်အသုံးပြုပါက သာမန်ကာလထက် လေးဆမှ ခုနစ်ဆအထိ ပိုမိုရှည်ကြာစွာ သုံးစွဲနိုင်သည့်အပြင် အင်ဂျင်လည်ပတ်မောင်းနှင်နေစဉ် အပူချိန်မြင့်တက်မှုနှင့် အင်ဂျင်ဆူညံမှုများကို ထူးကဲစွာလျှော့ချပေးနိုင်ကြောင်း သိရှိရသည်။

ပန်းတိုင်သစ် ကုမ္ပဏီလီမိတက်က MSPPL Engine Formulation အင်ဂျင်ဆီ အပါအဝင် အခြားအရည်အသွေးမြင့် MSPအမျိုးအစားငါးမျိုးကို မြန်မာနိုင်ငံ၌ဖြန့်ချိလျက်ရှိပြီး MCP (၆၇၇) ပြည်လမ်း စော်ဘွားကြီးကုန်း အင်းစိန်မြို့နယ်ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၀၄၅၁၉၊ ၄၄၁၁၀၄၂၊ ၇၀၃၂၅၉၊ ၀၉-၅၁၀၉၃၈၆ နှင့် ပန်းတိုင်သစ်ကုမ္ပဏီလီမိတက် အမှတ်(၁၇-စီ) ပါရမီလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၀၇၅၂၅တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မွန်ပြည်နယ်ဆေးရုံကြီးမှ ဆရာဝန်ကြီးနှင့်အဖွဲ့ မော်လမြိုင်အကျဉ်းထောင်၌ ကျန်းမာရေးစစ်ဆေးပေး

ရန်ကုန် နိုဝင်ဘာ ၂၆

မွန်ပြည်နယ် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆရာဝန်ကြီးဒေါက်တာဝင်းနိုင်နှင့်အဖွဲ့သည် နိုဝင်ဘာ၂၆ရက်တွင် မော်လမြိုင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားအကျဉ်းသူ ၇၀ တို့အား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါး အားရည်စူး၍ ဦးမင်းထွဋ်က ငွေကျပ် ၁၀၀၀၀၀ကို အတွင်းရေးမှူး(၁) ဦးသိန်းထိုက်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ALPINE
Angel
2007
ချောမောလှပ
ကျန်းမာတက်ကြွသော
ALPINE အိန်ဂျယ်လ် ရှာပုံတော်
ALPINE ANGEL 2007
ပထမဆု (၃၀)သိန်း နှင့် စင်ကာပူအလည်အပတ်ခရီးစဉ် (Alpine Angel 2007)
ဒုတိယဆု (၂၀)သိန်း နှင့် စင်ကာပူအလည်အပတ်ခရီးစဉ် (1st Runner Up)
တတိယဆု (၁၅)သိန်း နှင့် စင်ကာပူအလည်အပတ်ခရီးစဉ် (2nd Runner Up)
အခြား Title ဆု (၃)သိန်း၊ (၁၂)ဆု
အသက်(၁၆)နှစ် မှ (၂၅)နှစ်ကြား၊ တက္ကသိုလ်ဝင်တန်းအဆင့်ရှိသော အိမ်ထောင်မရှိသူဖြစ်ပြီး၊ ချောမော လှပ ကျန်းမာ တက်ကြွသော၊ အကျင့်စာရိတ္တကောင်းမွန်သူ အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
ဆုရရှိသူများသည် Loi Hein Co., Ltd. နှင့် (၆)လ၊ (၁)နှစ် နှင့် (၁)နှစ်ခွဲ သဘောတူစာချုပ် ချုပ်ဆိုပြီး၊ ပထမ ၊ ဒုတိယ ၊ တတိယ ဆု ရရှိသူများသည် ကြော်ငြာရိုက်ကူးခြင်းနှင့် အရောင်း မြှင့်တင်မှုများတွင် ပါဝင်ရမည်ဖြစ်ပြီး အခြား Title ဆုရသူများသည် အရောင်းမြှင့်တင်မှုများတွင် ပါဝင် ရမည်။
ပြိုင်ပွဲဝင်အဖြစ်ရွေးချယ်ခံရသူများအား Talents & Models Co., Ltd. မှ အထူးသင်တန်းများ သင်ကြားပေးမည်ဖြစ်သည်။
ပြိုင်ပွဲဝင်လျှောက်လွှာများကို ၂၈-၁၂-၂၀၀၆ (ကြာသပတေး)နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ပေးပို့ပါရန်။
Loi Hein Co., Ltd.
No. 117, Wardan (Keli) Road, Lanmadaw Township, Yangon.
Hot Line ☎ : 01-229956, 229964, 214807
ပြိုင်ပွဲဝင်ရန်လျှောက်လွှာပုံစံနမူနာ
Organized by LOI HEIN CO., LTD.
Gems, Dress & Make-up by

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံသို့ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

တည်ခင်းဧည့်ခံ

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့် တိုင်းများမှ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေး သမားတော်ကြီးများအား မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၂၆

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော်ကြီးများအား ယမန်နေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့– အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် ဆေးရုံကြီးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဆေးရုံအုပ်ကြီးများ၊ မြန်မာ့တိုင်းရင်းဆေးကောင်စီဝင် သမားတော်ကြီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများအသင်းမှ တာဝန်ရှိသူများ၊ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုယ်စားလှယ် တိုင်းရင်းဆေး သမားတော်ကြီးများ၊ တိုင်းရင်းဆေးဝါး စစ်ဆေးရေး ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးမှူး အသင်း၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာ စားပွဲတွင် ညစာ သုံးဆောင်နေစဉ်အတွင်း အေဝမ်းစိုးမြင့် တေးဂီတအဖွဲ့က တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်သည်။ (သတင်းစဉ်)

ခရိုင်ချင်းဆက်လမ်းပိုင်းများ ရာသီမရွေး သွားလာနိုင်ရန်လို တစ်နှစ်ပတ်လုံး သွားလာနိုင်မည့်လမ်းအဖြစ် အဆင့်မြှင့်တင်

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အမှတ်(၃) ခရိုင်ချင်းဆက်လမ်းမကြီး ကြည့်ရှု



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ် မလိဇွတ်ယန်ကျေးရွာရှိ မလိဇွတ်ယန်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် **အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနား–အကျဲ၊ အကျဲ–ဆင်ဘို လမ်းဆုံသို့ ရောက်ရှိကြရာ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က အမှတ်(၃) ခရိုင်ချင်းဆက်လမ်းမကြီး (မြစ်ကြီးနား–အကျဲ–ဆင်ဘို–ပိန်းခွန်ယန်–မြို့လှအပိုင်း) လမ်းပြမြေပုံဖြင့် တစ်ကြောင်းထိုးလမ်း ဖောက်လုပ်ပြီးစီးသည့် လမ်းပိုင်းများ အခြေအနေကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အမှတ်(၃) ခရိုင်ချင်းဆက် လမ်းမကြီး၏ မြစ်ကြီးနား–အကျဲ–ဆင်ဘိုလမ်းပိုင်း လမ်းအူကြောင်းရွေးချယ် ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား–အကျဲ–ဆင်ဘိုလမ်း၏ မလိဇွတ်ယန်ကျေးရွာရှိ မလိဇွတ်ယန် တံတားသို့ ရောက်ရှိကြပြီး ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးကြူဟင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားပြုပြင် ဆောင်ရွက်ရန်နှင့် လမ်းကြောင်းများ ကောင်းမွန်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❀